# ကြေးမုံ

# The Mirror Daily


၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 May 2025 ၁၁၈၁၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


### ယနေ့ ဖတ်စရာ

**ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများ ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်**

စာမျက်နှာ » ၂

**ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေး**

စာမျက်နှာ » ၅



**မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်မည့် ငွေကြေးအင်အားများနှင့် စနစ်များ**

ဆောင်းပါး စာမျက်နှာ » ၈

**သူတို့ကို အပြင်မှာပဲ ခေါ်သာထား**

ဆောင်းပါး စာမျက်နှာ » ၁၁

**နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်**

စာမျက်နှာ » ၁၂




စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ မိုးမြေပဲများ စတင်စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရစဉ်။

## ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ မိုးမြေပဲများ စတင်စိုက်ပျိုး

ကျွန်းလှ မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးမြေပဲများ စတင်စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**အကျိုးအမြတ်လည်းရရှိ**

“ကျွန်တော်တို့ ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ မြေပဲ ငါးဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ မျိုးဖိုး၊ ထွန်ယက်ခ၊ လုပ်အားခအပါအဝင် ငွေကျပ်သုံးသိန်းခွဲခန့် ကုန်ကျပါတယ်။ အရင်နှစ်က မိုးမြေပဲစိုက်ပျိုးခဲ့ရာမှာ ဆောင်းမြေပဲအတွက် မျိုးရရှိပြီး အကျိုးအမြတ်လည်းရရှိခဲ့ပါတယ်” ဟု ရှမ်းစုကျေးရွာ မိုးမြေပဲစိုက်တောင်သူ ဦးနေလင်းက ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ★



**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

စာမျက်နှာ » ၆

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၃

| | | |
|---|---|---|
| ချောက် | ၄၀ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၄၀ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည်(လွန်ကျော်) | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၃၉ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၈ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# နိုင်ငံသူ နိုင်ငံသားအကျိုးစီးပွား လူမှုဝန်ထမ်းကြိုးပမ်းရွက်ဆောင်

၁၉၄၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့ (၁၃၀၁ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်) မတိုင်မီ မွေးဖွားခဲ့ကြသည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များ အနေဖြင့် လူမှုရေးပင်စင်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် /ကျေးရွာ အုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ ၃၁-၅-၂၀၂၅ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း MCCT အစီအစဉ်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ ၂၅-၆-၂၀၂၅ ရက်နောက်ဆုံးထားပြီးစာရင်းပေးသွင်းနိုင်ပါကြောင်းအသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လူမှုဝန်ထမ်းဌာနက ထောက်ပံ့ပေးမှုအစီအစဉ်များ အစဉ်အလာမပျက်ရှိခဲ့သော်လည်း ပြည်သူများကြား၌ ကျယ်ကျယ်ပြန့်ပြန့်သိရှိခြင်းမရှိသေးသဖြင့် စာရင်းပေးသွင်းနိုင်ရန် အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၌ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ပေးမှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးနိုင်သဖြင့် အားနည်းသည့်နိုင်ငံသူနိုင်ငံသားများအတွက် ခံစားမှုများ အပြည့်အဝရရှိနေကြသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ ကူညီထောက်ပံ့မှုများကို တတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာအလျောက် နိုင်ငံသူ နိုင်ငံသားများ ကြုံတွေ့ရသည့် ဒုက္ခအခက်အခဲအမျိုးမျိုးတို့ကို ကူညီပံ့ပိုးပေးရသော အဖွဲ့အစည်းဖြစ်ပြီး အဆိုပါဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် အကြောင်းအမျိုးမျိုး၊ အခြေအနေအရပ်ရပ်တို့ကြောင့် လူမှုရေးဒုက္ခများနှင့် ကြုံတွေ့နေကြရသူများအား ကူညီစောင့်ရှောက်ရသည့်လုပ်ငန်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထား၍ ဆောင်ရွက်ပေးရသောဌာနဖြစ်သည်။ လူမှုဝန်ထမ်းဌာနများသည် နိုင်ငံတစ်ဝန်းရှိ မြို့နယ်တိုင်းတွင်ရှိသဖြင့် ဖော်ပြပါလူမှုရေးအကူအညီများကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လူမှုဝန်ထမ်းဌာနအနေဖြင့် လူမှုရေးပြဿနာများ မပေါ်ပေါက်စေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ လူမှုရေးတာဝန်များကို ဝေမျှထမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များအား လူထုအတွင်းမှ မွေးထုတ်ပေးခြင်း၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ထုတ်ပေးခြင်းနှင့် လူမှုဝန်ထမ်းနည်းလမ်းများအရ ကူညီပေးခြင်းစသော လုပ်ငန်းရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကလေးသူငယ်နှင့် မိသားစုများ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ လူမှုရေးပြဿနာရှိသည့် လူတန်းစားအသီးသီးတို့ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးတွင် ကျယ်ပြန့်စွာရှိနေသည့် လူမှုဒုက္ခအခက်အခဲရောက်နေသူများ၊ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအား ကျယ်ကျယ်ပြန့်ပြန့် ကူညီပေးနိုင်ရေးဆောင်ရွက်ကြရာတွင် လူမှုဝန်ထမ်းဦးစီးဌာနတစ်ခုတည်းဖြင့် ငွေအား၊ လူအားတို့နှင့် ခရီးရောက်နိုင်မည်မဟုတ်သဖြင့် ပြည်သူလူထုအတွင်းမှ လူမှုရေးတာဝန် မျှဝေထမ်းဆောင်နိုင်မည့်သူများ၊ စေတနာရှင်များ၊ အလှူရှင်များ၊ စေတနာရှင် လူမှုကူညီရေးအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာစေရန် စည်းရုံးစွမ်းဆောင်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့ကြောင့် တိုင်းပြည်တွင် လူမှုရေးဒုက္ခ အခက်အခဲအမျိုးမျိုးကြုံတွေ့နေရသော ပြည်သူ ပြည်သားအမြောက်အမြားရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးခိုင်မာတောင့်တင်းမှုအပေါ်မူတည်၍ ပြည်သူပြည်သားများ၏ လိုအပ်ချက်အမျိုးမျိုးတို့ကို ကဏ္ဍာပေါင်းစုံတွင် တတ်နိုင်သမျှ ဖြန့်ကြက်ဖြည့်ဆည်းပေးလျက်ရှိသည်။ လူမှုဝန်ထမ်းဦးစီးဌာန၏ ရည်မှန်းချက်ပါ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများအနက် သက်ကြီးရွယ်အိုများ၊ အားနည်းချို့တဲ့သော ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များအား ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် စေတနာရှင် လူမှုကူညီစောင့်ရှောက်ပေးသူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင် ဝိုင်းဝန်းစည်းရုံး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများ ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

ကြေညာချက်

**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် မေ ၁၃ ရက်အထိ သေဆုံးသူ ၃၇၂၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၅ ဦးရှိသည်။

**ရှာဖွေကယ်ဆယ်ပေးနိုင်**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၂ ရက်ညနေ ၄ နာရီမှ မေ ၁၃ ရက် ညနေ ၄ နာရီအတွင်း အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ဆေးဝါး၊ မိုးကာတဲနှင့် Sleeping Bag (အလေးချိန် သုည ဒသမ ၁၄၁ တန်) ရောက်ရှိခဲ့သည်။ ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၃ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၈၀၀ | ၂၄၀ | ၁,၆၃၂,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၁,၅၀၀ | ၄,၅၀၀,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၅ | ၁၂၀,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၅၉ | ၁၀၆,၂၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| EFR | ၁,၅၀၀ | ၁,၅၀၀ | ၁၁၁ | ၁၆၁,၅၀၀ |
| AMATA | ၃,၇၅၀ | ၃,၉၀၀ | ၇၀၁ | ၂,၆၅၃,၉၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၅၁၁ | ၁,၅၅၈,၅၅၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၂၀ | ၆၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဝန်ထမ်းများအတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက Prefabricated House အဆောက်အအုံများ စနစ်တကျနေရာချထားပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် အစီအမံများ ကြိုတင်ဆောင်ရွက်ထားရေး၊ မိုးမကျမီအပြီး ဆောက်လုပ်ထားရှိနိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ အချိန်မီဆောင်ရွက်ကြရေးနှင့် ဆောက်လုပ်ပြီးစီးသည့် နေအိမ်များတွင် ဝန်ထမ်းများ စည်းကမ်းတကျနေထိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေဝင်းကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| ( က ) ဦးနိုင်မျိုးဟန် | ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂) သတ္တုတွင်းလုပ်ငန်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ( ခ ) ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ် တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန |

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ရွာတော်ဘူတာသို့ ထပ်မံရောက်ရှိလာသည့် Modular (Prefabricated) Office / House များ သယ်ယူခြင်း၊ ဖြန့်ခွဲပို့ဆောင်ခြင်းနှင့် တပ်ဆင်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှတစ်ဆင့် နေပြည်တော် ရွာတော်ဘူတာသို့ ထပ်မံရောက်ရှိလာသည့် Modular (Prefabricated) Office/House များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြန့်ခွဲတပ်ဆင်တည်ဆောက်နေသည့် အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှတစ်ဆင့် မီးရထား အတွဲ ၂၇ တွဲဖြင့် နေပြည်တော် ရွာတော်ဘူတာသို့ ထပ်မံရောက်ရှိလာသည့် Modular (Prefabricated) Office/House စုစုပေါင်းအလုံး ၂၀၀ ကို မီးရထားပေါ်မှ ကရိန်းကားများဖြင့် မော်တော်ယာဉ်များပေါ်သို့ စနစ်တကျ တင်ဆောင်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သယ်ယူပို့ဆောင်နေမှုအခြေအနေများ၊ Modular (Prefabricated) Office/ House များ စနစ်တကျ နေရာချထားမှုအခြေအနေတို့ကို လိုက်လံစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းစွာ သယ်ဆောင်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အချိန်မီရောက်ရှိအောင် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဝင်းအတွင်း Modular (Prefabricated) Office ၂၅ လုံး တပ်ဆင်တည်ဆောက်နေမှု၊ တပ်ဆင်ပြီးစီးမှုနှင့် လျှပ်စစ်မီးများ သွယ်တန်းထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနတွင် Modular(Prefabricated) Office ၁၄ လုံး တပ်ဆင်နေရာချထားမှုအခြေအနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီရုံးအတွင်း Modular (Prefabricated) Office ငါးလုံး တပ်ဆင်တည်ဆောက်နေမှုတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မိုးမကျမီ ယာယီရုံးအဆောက်အအုံများ အမြန်တပ်ဆင်ဆောင်ရွက်ပေးရန်နှင့် စနစ်တကျရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။



ယနေ့ရောက်ရှိလာသည့် Modular (Prefabricated) Office/House စုစုပေါင်းအလုံး ၂၀၀ အနက် Modular (Prefabricated) Office ၁၆ လုံးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်လုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လေးလုံး၊ အလုပ်သမားဝန်ကြီးဌာနသို့ ခြောက်လုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လေးလုံး ဖြန့်ဝေပေးပို့မည်ဖြစ်ပြီး Modular (Prefabricated) House ၁၈၄ လုံးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၁၀၄ လုံး၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနသို့အလုံး ၄၀ ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလုံး ၄၀ ဖြန့်ဝေပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသည့် ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ Semivirtual စနစ်ဖြင့် ကျင်းပသည့် မိုးရာသီကာလတွင် ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများနှင့်ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများအတွက်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီတွင် မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ငလျင်ကြီးကြောင့် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများ ဖြစ်ပွားလာပါက ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စောစီးစွာ ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိကာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ၊ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ခြင်လောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများ၊ ယာယီစခန်း စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှုရှိပါက ထိရောက်စွာကုသမှုပေးရေးနှင့် ဆေးနှင့်ဆေးပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံခန့်ခွဲမှုများကို ဆက်လက်အားဖြည့်ကာ အလေးပေးဆောင်ရွက်ကြစေလိုပါကြောင်း။

ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်နှင့် အရေးပေါ်အခြေအနေများတွင် အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်၍ သဏ္ဍာန်တူလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ထားရှိစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကိုမှာကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို တင်ပြဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသားများကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသားများအား ဈေးကားများဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။



**ရောင်းချပေး**

ထိုသို့ လှည့်လည်ရောင်းချရာတွင် အမဲသား(အသား)ပိဿာ ၁၂၀၊ အမဲသား (အရိုးအသား) ပိဿာ ၁၅၀ တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် ပြည်သူများသို့ မေ ၁၃ ရက်မှစ၍သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

★ **ရွှေဖုံးမှ**

အဆိုပါ မိုးမြေပဲစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မြေပဲမျိုးရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံစိုက်ပျိုးရန် ၇၃၁၄ ဧက လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

■

## စဉ့်ကိုင်မြို့နယ်၌ သဘာဝဓာတ်မြေဩဇာအကြောင်း အသိပညာပေးဆွေးနွေး

စဉ့်ကိုင် မေ ၁၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ RUMA ORGANIC ရွက်ဖျန်းသဘာဝဓာတ်မြေဩဇာ အကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက အမှာစကားပြောကြားပြီး RUMA ORGANIC ရွက်ဖျန်း သဘာဝဓာတ်မြေဩဇာထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဓာတ်မြေဩဇာထုတ်လုပ်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးပြုပုံနှင့် သုံးစွဲပုံနည်းစနစ်များကို ဆွေးနွေးသည်။



ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်က သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ၏ ကောင်းကျိုးဆိုးကျိုးများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**“မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ”**

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံ အဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်

ပုသိမ် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟင်္သာတမြို့ ပြည်လုံးချမ်းသာခန်းမ၌ ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ သားငယ် သမီးငယ်များနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းတက်ရောက်နိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းနှင့် နေရပ်စွန့်ခွာပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဒေသလုံခြုံရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ဆန်ရိက္ခာများ ပေးအပ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအား လူဦးရေစာရင်း ကောက်ယူခြင်းနှင့် ထောက်ပံ့ငွေပေးအပ်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အားကစားခန်းမ၌ ပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသား သဘာဝ



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ဆန်များပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါ်နုမြဖံ ရန်ကုန်မြို့ ယူနက်စကိုရုံးအကြီးအကဲ Mr.Ichiro Miyazawa အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံသည် ရန်ကုန်မြို့ရှိ ယူနက်စကိုရုံးအကြီးအကဲ Mr.Ichiro Miyazawa အား ယနေ့မွန်းလွဲ



၃ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မန္တလေးငလျင်ကြောင့် ရှေးဟောင်းအဆောက်အအုံများနှင့် တန်ခိုးကြီးစေတီပုထိုးများ ထိခိုက်ပျက်စီးမှု၊ ရှေးဟောင်းအဆောက်အအုံများ၏ ပျက်စီးမှုအလိုက် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မည့် ဦးစားပေးအဆင့်အလိုက် ခွဲခြားသတ်မှတ်ထားသော ရှေးဟောင်းအဆောက်အအုံ ၁၇၅၂ ခုကို ပထမဦးစားပေး ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကြီးမားသော ရှေးဟောင်းအဆောက်အအုံများ၊ ဒုတိယဦးစားပေး တစ်ပိုင်းတစ်စပျက်စီး၍ မူလလက်ရာ ကျန်ရှိမှုနည်းသော အဆောက်အအုံများ၊ တတိယဦးစားပေး အောက်ခြေပန္နက်မှလွဲ၍ ကျန်အစိတ်အပိုင်းများသည် အသစ်နီးပါး ပြန်လည်ပြုပြင်ထားသော အဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်ပြီး ရှေးဟောင်းအဆောက်အအုံများနှင့် အမွေအနှစ်များ ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ငလျင်အသင်းတို့၏ အကြံပြုချက်များရယူပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ရေရှည်တည်တံ့အောင် နည်းစနစ်မှန်ကန်စွာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ယူနက်စကိုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေး

နေပြည်တော် မေ ၁၃

ငလျင်ဘေးသင့် ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ် ဒုတိယနေ့ကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ပြသရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် ဒေသခံပြည်သူ အများအပြား လာရောက်လေ့လာဝယ်ယူလျက်ရှိသည်။

ယနေ့တွင် ဘိလပ်မြေထုတ်လုပ်သူများအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း အရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်း အမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ အရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းစင်တာ၊ သံထည်နှင့် စတီးများ




အရောင်းပြခန်း၊ ပရိဘောဂ အရောင်းပြခန်း၊ အိမ်သုတ်ဆေး အရောင်းပြခန်း၊ လုပ်ငန်းသုံးမီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် လာရောက် လေ့လာဝယ်ယူသူများပြားလျက်ရှိသည်။

အဆိုပါ အရောင်းပွဲတော်သို့ လာရောက်လေ့လာဝယ်ယူသည့် ပုဗ္ဗသီရိမြို့နယ်မှ ဦးအာကာဒိုးက "ဘိလပ်မြေ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ တန်းစီပြီးတော့ ဝယ်ယူရတာ ဖြစ်ပါတယ်။ အခုလို အခက်အခဲဖြစ်နေတဲ့ အချိန်မှာ ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေးပြည့်မီတဲ့ သံ၊ သံမဏိ၊ ဘိလပ်မြေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေ လာရောက်ရောင်းချပေးတဲ့ အသင်းအဖွဲ့တွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ ကျွန်တော့်အိမ်ကို ပြန်လည်ပြုပြင် တည်ဆောက်ဖို့ လိုအပ်တဲ့ ဘိလပ်မြေ လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ဘိလပ်မြေ လာရောက်ဝယ်ယူသူတွေအနေနဲ့ နိုင်ငံသားစိစစ်ရေးကတ်၊ အပျက်အစီး မှတ်တမ်းဓာတ်ပုံ၊ အိမ်ထောင်စုဇယား မိတ္တူ၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်တို့ လိုအပ်ပါတယ်။ အရောင်းတာဝန်ရှိသူတွေကလည်း ဝယ်ယူရာမှာ လိုအပ်တဲ့ အချက်အလက်တွေကို ပြည့်စုံစွာ ရှင်းလင်း ပြောကြားပေးပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှ ဒေါ်ဌေးဌေးလွင်က "အခုလို ငလျင်ဘေးသင့် ပြည်သူတွေအတွက်စီစဉ်ပေးတဲ့ဈေးရောင်းပွဲတော်ကို မိတ်ဆွေသူငယ်ချင်းတွေကတစ်ဆင့် ကြားသိရတဲ့ အတွက် လိုအပ်တဲ့ ဘိလပ်မြေနဲ့ အိမ်ဆောက်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းတွေကို လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ပစ္စည်းမှန်ပြီး ဈေးနှုန်းလည်း မှန်ပါတယ်" ဟု ပြောကြားသည်။

ယနေ့တွင် ရောင်းချခြင်း အစီအစဉ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)က ကြီးမှူး၍ MSIA – TALK SHOW ကို ထည့်သွင်းကျင်းပရာ ဆရာကြီး ဦးကြည်သာက "နည်းပညာရပ်ဖွံ့ဖြိုးမှုနှင့်အတူ တိုးပွားလာသော ရာဇဝတ်မှုခင်းများ အကြောင်း" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ငလျင်ဘေးသင့် ပြည်သူများ ထူထောင်ရေး လုပ်ငန်းများ မိုးမကျမီ ဆောလျင်စွာ ပြန်လည်တည်ဆောက်နိုင်ရန် ဈေးနှုန်းမှန်ကန်စွာဖြင့် အရည်အသွေး ပြည့်မီစွာဝယ်ယူနိုင်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေ ထုတ်လုပ်သူများ အသင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ရောင်းချခြင်းအစီအစဉ်ကို မေ ၁၈ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းကျော်စွာ**

**ဓာတ်ပုံ- ဖိုးပြည့်စုံ**

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော်** မေ ၁၃

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

ယခုအခါ မေ ၅ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ဗင်နီဇွဲလား ဘိုလီဗာရီယန် သမ္မတနိုင်ငံတို့မှ ထပ်မံ ပေးပို့လှူဒါန်းလာသော တာပေါ်လင်/မိုးကာစ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ရေသန့်စက်၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို ဘေးသင့်လူဦးရေ အချိုးအစားပေါ်မူတည်၍ ဖြန့်ခွဲပေးပို့ပြီးဖြစ်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဒီဇယ်ဆီတန် ၃၀၀၀၀၊ ဓာတ်ဆီတန် ၂၀၀၀၀ အနက် ဒီဇယ်ဆီတန် ၁၈၀၀၀ သည် မေ ၂ ရက်တွင်လည်းကောင်း၊ ဓာတ်ဆီတန် ၁၇၀၀၀ သည်မေ ၅ ရက်တွင်လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျသိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။

ယာယီရုံးအဖြစ် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် Prefabricated Office အလုံး ၅၀၀ အနက် ၃၄၀ သည် မေ ၂ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ၂၁၆ လုံးကို နေပြည်တော်သို့ မေ ၆ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသို့ အလုံး ၈၀ နှင့် နေပြည်တော်သို့ ၄၄ လုံးတို့ကို မေ ၁၂ ရက်တွင် လည်းကောင်း မြန်မာ့မီးရထားဖြင့် သယ်ဆောင်ခဲ့ပြီးဖြစ်၍ ယာယီရုံးခန်းများအဖြစ် အသုံးပြုနိုင်ရန် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၇ သို့** ☆



ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




ဘရာဇီးနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။



ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင် လွှဲပြောင်း၊ လက်ခံမှုမှတ်တမ်းဓာတ်ပုံ။




တရုတ်နိုင်ငံမှ လှူဒါန်းသည့် ဓာတ်ဆီ ၁၇၀၀၀ တန် လွှဲပြောင်း၊ လက်ခံမှုမှတ်တမ်းဓာတ်ပုံ။

☆ စာမျက်နှာ ၆ မှ

ယာယီနေအိမ်အဖြစ် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် Prefabricated House အလုံး ၄၅၀၀ အနက် ၁၅၇၆ လုံးသည် မေ ၉ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ၂၁၆ လုံး၊ နေပြည်တော်သို့ ၁၈၄ လုံးတို့ကို မေ ၁၁ ရက်တွင် မြန်မာ့မီးရထားဖြင့် ပို့ဆောင်ခဲ့ရာ မေ ၁၂ ရက်တွင် ရောက်ရှိခဲ့သဖြင့် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပြီး ထပ်မံပို့ဆောင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ခွဲဝေထောက်ပံ့**

ရက်သတ္တတစ်ပတ် အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် လည်းကောင်း ခွဲဝေထောက်ပံ့ ဆောင်ရွက်ပေးခဲ့ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ် ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၇ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၉ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ်ကိုးစီးတို့ ဖြစ်ပါသည်။

နိုင်ငံတကာ အလှူရှင်များမှ မေ ၅ ရက်မှ ၁၂ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့် ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယား များဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိ ဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။

ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၁၀-၃-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၇၁ | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၂၈ | ၄၆၀၈ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | - | ၃၅၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၆၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၆၄ | ၈၇၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၄၅ | ၁၅၇၇ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | - | - | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၈ | ၁၉ | ၃၉ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၆၇၁၃ | ၈၇၂၀ | ၆၄၃၂ | ၁၂၅၃ | ၃၀၈ | - | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၆၅ | ၁၉ | ၃၁ | ၇ | ၇ | - | ၁ | |
| | | ဖာ | ၃၅၅၉ | ၆၄၁ | ၁၉၃၇ | ၉၁၈ | ၆၃ | - | - | |
| | | ထုပ် | ၁၄၇၅ | ၅၄၈ | ၈၂၁ | ၆၀ | ၄၆ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၉ | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၆၆၅ | ၂၆ | - | - | - | ၁၆၃၉ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |

ဒီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၂၉၉၁ | ၁၃၇၆ | ၁၃၄၆ | ၁၂၀ | ၁၄၉ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | ထုပ် | ၇ | ၃ | ၂ | ၁ | ၁ | - | - | |



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။

ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၃၅၀ | - | - | - | - | - | ၃၅၀ | လိုအပ်ချက်အပေါ် မူတည်၍ ဆက်လက် ဖြန့်ခွဲပါမည်။ |
| ၂ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၁၅ | ၁၉၀ | ၁၈၇ | ၁၇ | ၂၁ | - | - | |
| | | မျိုး | ၂ | ၁ | ၁ | - | - | - | - | |
| ၃ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄ | ၁ | ၁ | ၁ | ၁ | - | - | |
| | | ထုပ် | ၁၇ | ၈ | ၇ | ၁ | ၁ | - | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်း | ဖာ | ၂ | - | - | - | - | ၂ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဘရာဇီးနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၀၄ | ၁၄၀ | ၁၃၇ | ၁၂ | ၁၅ | - | - | |
| ၂ | ရေသန့်စက် | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၃ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၅၅ | - | - | - | - | ၅၅ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃ | ၂ | ၁ | - | - | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၁ | ၁ | - | - | - | - | - | |
| ၃ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၂၀ | - | - | - | - | ၂၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

# မြေငလျင်အပြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်မည့် ငွေကြေးအင်အားများနှင့် စနစ်များ

ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)

မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူလူထုသည် ယခု မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ နှစ်အကူး ၂၀၂၅ ဧပြီလ မဟာသင်္ကြန်ကို ဝမ်းနည်းစွာဖြင့်ပင် ကျော်ဖြတ်ခဲ့ကြရပါပြီ။ အသက်ပေါင်း ထောင်နှင့်ပင်ချီ၍ ပြည်သူလူထုနှင့် တိုင်းပြည်၏ ပစ္စည်းများ တန်ဖိုးကျပ်သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရသောနှစ် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယနေ့ခေတ်ကဲ့သို့ Richter Scale, Mercalli Scale အစရှိသည်ဖြင့် စနစ်များ စတင်အသုံးပြုသော ၂၀ ရာစုနှစ်နောက်တွင် ယခု မိမိတို့ခံစားခဲ့ရသော မန္တလေးမြေငလျင်ကြီးကြောင့် လူအသေအပျောက်နှင့် အိုးအိမ်ပစ္စည်းဆုံးရှုံးမှုသည် အများဆုံးဖြစ်သည်။ အိုးအိမ်နှင့် ပစ္စည်းတန်ဖိုးများကို တွက်ချက်နှိုင်းယှဉ်ရန် ခက်ခဲသော်လည်း ယခု ငလျင်တွင် လူ့အသက်ပေါင်း ၃၇၀၀ ကျော်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၅၁၀၀ ကျော်ရှိခဲ့သည်။

မြန်မာနိုင်ငံ ငလျင်ကော်မတီမှ ဆရာမကြီး ဒေါ်လှလှအောင်ရေးသားသော စာပေအရ ၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်တွင် လူအသေအပျောက် ၅၅၀ ခန့် သေဆုံးခဲ့သည်နှင့် နှိုင်းယှဉ်နိုင်ပါသည်။ အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ဗိသုကာတစ်ဦးအနေဖြင့် သေချာစွာ ပြောနိုင်သည်မှာ ယခု မိမိတို့ပြန်လည်တည်ဆောက်ကြရမည့် လုပ်ငန်းရပ်သည် အလွန်ကြီးမားပြီး ငွေကြေးများစွာနှင့် နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရပါမည်။ ယခုနှစ် မတ်လမြေငလျင်၏ Epicenter ဗဟိုသည် စစ်ကိုင်းမြို့အနီးဖြစ်သဖြင့် သေကျေပျက်စီးမှု အများဆုံးဖြစ်သည်ဆိုသည်ကို လက်ခံကြရမည်ဖြစ်သည်။ သို့သော် တစ်မြို့တည်း တစ်လမ်းတည်းတွင် အချို့အဆောက်အအုံများ ပြိုကျပျက်စီးကြပြီး အချို့မှာ မပျက်မစီးတည်မြဲခဲ့ကြသည်မှာ အချို့သောဆောက်လုပ်သူများ၏ အားနည်းချက်ဖြစ်သည်မှာလည်း ထင်ရှားပါသည်။

ဤဆောင်းပါးသည်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ယခုရရှိခဲ့သော သင်ခန်းစာများကိုအခြေခံ၍ လက်ခံကျင့်သုံးသင့်သောစနစ်များကို တင်ပြရန်ဖြစ်ပါသည်။ ထို့ပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်မည့် Financial Resources ခေါ် ငွေကြေးအင်အားများ ဖော်ထုတ်ရရှိနိုင်မည့် နည်းလမ်းများကိုလည်း တင်ပြအပ်ပါသည်။ ထိုသည်များနှင့် တွဲဖက်၍ ပြန်လည်တည်ဆောက်ကြသည့်အခါ မိမိတို့၏ မြို့များနှင့် ပတ်ဝန်းကျင်သာယာရေး၊ မိမိတို့၏ မြို့များတွင် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များကိုလည်း ပူးတွဲတင်ပြအပ်ပါသည်။



မန္တလေးမြို့တွင် ငလျင်ဒဏ်သင့်သော်လည်း မပျက်မစီး တည်မြဲသောအဆောက်အအုံများနှင့် ပြိုလဲပျက်စီးသောအဆောက်အအုံများကို တွေ့ရစဉ်။

**ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ရရှိနိုင်မည့် Available Financial Resources ငွေကြေးအင်အားများကို သုံးသပ်ခြင်း**

ယခု ငလျင်သည် မြန်မာ့သမိုင်းတွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်သည့်အတွက် မိမိတို့တွင်ရှိသော Resources အင်အားများမှ တတ်နိုင်သရွေ့ အများဆုံးနှင့် ကူညီနိုင်သောသူအများဆုံးကို ကူညီကြရမည်ဟု ခံယူပါသည်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ငွေကြေးဖြင့် ပါဝင်နိုင်မည့် အုပ်စုများကို သုံးသပ်ကြည့်မိပါသည်။ ထိုသည်တို့တွင် (၁) နိုင်ငံတော်အစိုးရ၊ (၂) ချမ်းသာကြွယ်ဝသော Condominium ပိုင်ရှင်သူဌေးကြီးများအုပ်စု၊ (၃) ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်မြေတွင်နေထိုင်ရင်း အိုးအိမ်ဆုံးရှုံးသွားသူများဟု သုံးအုပ်စုကိုသာ ဦးစွာမြင်ကြရပေမည်။ ထိုသုံးအုပ်စုတို့၏ လုပ်နိုင်သောပမာဏများကို ဆန်းစစ်ကြည့်ကြပါမည်။

**နိုင်ငံတော်အစိုးရ ။** ။ နိုင်ငံတော်အစိုးရသည် ငွေအင်အားအကြီးမားဆုံးရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ သို့သော် အစိုးရတွင် ဆုံးရှုံးပျက်စီးသွားသော အစိုးရရုံးများ၊ ဝန်ထမ်းအိမ်ရာများ အစရှိသည်တို့ကို ပြန်လည်တည်ဆောက်ရန်ရှိသည်။ ထို့ပြင် အများပြည်သူနှင့်သက်ဆိုင်သော Infra-structure ခေါ် ကျောင်းများ၊ ဆေးရုံများ၊ လမ်းတံတားများ၊ လျှပ်စစ်စနစ်များ စသည်တို့ကိုလည်း ပြန်လည်တည်ဆောက်ရန်ရှိသဖြင့် လူပေါင်းများစွာတို့၏ ဆုံးရှုံးခဲ့သော အိမ်ရာများကို ပြန်လည်တည်ဆောက်ရေးတွင် အမြောက်အမြားပါဝင်ရန် ခက်ခဲပါမည်။

**ငွေကြေးအဆင်ပြေသော Condominium ပိုင်ရှင်များ။** ။ မြေငလျင်အတွင်း ပြိုပျက်သွားသော Condominiums ခေါ် အဆင့်မြင့်တိုက်ခန်းများကို တည်ဆောက်သွားသောပိုင်ရှင်ကြီးများက Ethics ဟုခေါ်သော လူ့ကျင့်ဝတ်၊ လူ့ဝတ္တရားအရသော် အချိန်အတိုင်းအတာအတွင်း မြန်ဆန်စွာ ပြန်လည်တည်ဆောက်ပေးသင့်ကြပါသည်။ ဥပဒေကြောင်းအရ ရှင်းကြမည်ဆိုသော် ရှေ့နေခ ငွေကြေးများစွာကုန်မည်၊ အချိန်နှစ်ပေါင်းများစွာ ကြာမြင့်ကြမည်ဟု စာရေးသူ အတွေ့အကြုံအရ ခန့်မှန်းပါသည်။ မူလစာချုပ်တွင် မည်သို့ပါရှိပုံ၊ အာမခံထားခြင်းရှိ၊ မရှိ၊ “မြန်မာပြည်စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ Condominium Law” အရ တရားဝင်သတ်မှတ်ထားခြင်းရှိ၊ မရှိ စသည်ဖြင့် များစွာသော အဆင့်များရှိပါမည်။

ဖြစ်သင့်သည်မှာ တည်ဆောက်ခဲ့သူ ပိုင်ရှင်ကြီးများက လူ့ဂုဏ်သိက္ခာကို မနိမ့်ကျစေရန်နှင့် အသက်နှင့်ပစ္စည်း နစ်နာဆုံးရှုံးခဲ့ရသောသူများကို ငဲ့ညှာသင့်သည်။ သို့သော် ယခုငလျင်ကြောင့် အဆင့်မြင့်တိုက်ခန်းကြီးများတွင် နေထိုင်ရင်း အသက်နှင့် ပစ္စည်းများ ဆုံးရှုံးခဲ့သူဦးရေသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရာခိုင်နှုန်းနည်းပါးသည်ဟု ခန့်မှန်းရပါသည်။

**ကိုယ်ပိုင်အိမ် ကိုယ်ပိုင်မြေတွင်နေထိုင်ရင်း အိုးအိမ်ဆုံးရှုံးသွားသူများ ။** ။ ထိုအုပ်စုတွင် ပါဝင်သည့်သူများတွင် (က) ပြန်လည်တည်ဆောက်ရန် အရင်းအနှီးရှိပြီး တတ်နိုင်သူများ၊ (ခ) တစ်စိတ်တစ်ပိုင်း အကူအညီရနိုင်လျှင် ပြန်လည်တည်ဆောက်နိုင်သူများနှင့် (ဂ) အိမ်ပျက်စီးသွားသဖြင့် မြေသာကျန်ခဲ့ပြီး ပြန်လည်တည်ဆောက်ရန် မဖြစ်နိုင်သူများဟု သုံးအုပ်စုရှိမည်ဟု ခန့်မှန်းရပါသည်။ ထိုအုပ်စုအတွင်း မည်သည့်အုပ်စုသည် မည်သည့် ရာခိုင်နှုန်းရှိသည်ကိုလည်း ခန့်မှန်းရန်ခက်ခဲပါသည်။ သို့သော် အောက်တွင် စာရေးသူစဉ်းစားမိသော ဘဏ်ချေးငွေစနစ်ကို အသုံးချနိုင်လျှင် အဘက်ဘက်က အထိုက်အလျောက်အဆင်ပြေကြမည်ဟု ယူဆပါသည်။

**ဘဏ်ချေးငွေဖြင့် ပြန်လည်တည်ထောင်ရေးတွင် အသုံးချရန်အဆိုပြုချက် ။** ။ စာရေးသူသည် အိမ်ဆုံးရှုံးခဲ့သော သူတစ်ဦးနှင့် မေးမြန်းခန်းကို ကြည့်ရပါသည်။ ထိုသူတွင် ယခင်က ကိုယ်ပိုင်အိမ်ရှိသည်၊ နေထိုင်စားသောက်ရန် ဝင်ငွေရှိသည်၊ ယခု အိမ်ပျက်စီးသွားသည့်အတွက် နေထိုင်ရန် အိမ်ကို ပြန်လည်တည်ဆောက်ရန် ငွေသိန်း ၅၀၀ ခန့်ရရှိရန် မဖြစ်နိုင်ပါဟုဆိုသည်။ စာရေးသူက သင်ကြားခဲ့ဖူးသော Housing Economics အိမ်ရာစီးပွားရေးပညာရှုထောင့်မှ သုံးသပ်ကြည့်ပါသည်။ ထိုကဲ့သို့သောသူများက ဥပမာ ပြန်လည်တည်ဆောက်ရန် အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနိုင်မည်ဆိုလျှင် ဘဏ်မှ ကျန်လိုအပ်ငွေ ၇၀ ရာခိုင်နှုန်းကို ချေးငွေအဖြစ်ရရှိပြီး ထိုသူက လစဉ်၊ နှစ်စဉ် ပြန်လည်ပေးဆပ်လျှင် နှစ်ဦးနှစ်ဖက် အထိုက်အလျောက် အဆင်ပြေသွားနိုင်ပါမည်။ **စာမျက်နှာ ၉ သို့ ☆**




မြေပေ ၄၀ x ၆၀ ပိုင်ဆိုင်သူခြောက်ဦး စုပေါင်းလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ပေါ်တွင် တိုက်ခန်းပေါင်း ၁၂ ခန်း ပေါ်ထွက်လာနိုင်သည့် ပုံစံငယ်။

- ❋ **ပြန်လည်တည်ဆောက်ရန် အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနိုင်မည်ဆိုလျှင် ဘဏ်မှ ကျန်လိုအပ်ငွေ ၇၀ ရာခိုင်နှုန်းကို ချေးငွေအဖြစ်ရရှိပြီး ထိုသူက လစဉ်၊ နှစ်စဉ် ပြန်လည်ပေးဆပ်လျှင် နှစ်ဦးနှစ်ဖက် အထိုက်အလျောက် အဆင်ပြေသွားနိုင်**
- ❋ **Hypothetical Model ကိုပင် အခြေခံ၍ အိုးအိမ်ဆုံးရှုံးသွားပြီး မြေပိုင်ဆိုင်သူများအတွက် အရင်းငွေပင်မလိုဘဲ နေစရာများရရှိနိုင်ကာ အမြတ်အစွန်းပင်ရရှိနိုင်သောနည်းများကို အခြေခံထားပြီး တီထွင်နိုင်ပါသည်။ ဥပမာ မြေပေ ၄၀ x ၆၀ ခန့်ရှိသူ ခြောက်ဦးခန့်စုလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ကိုရနိုင်ပြီး ထိုမြေပေါ်တွင် နှစ်ထပ်ဖြင့် စတုရန်းပေ ၇၀၀ ခန့်ရှိသော အိပ်ခန်းနှစ်ခန်းပါ တိုက်ခန်းပေါင်း ၁၂ ခန်းခန့် ပေါ်ပေါက်နိုင်ပါမည်**

☆ စာမျက်နှာ ၈ မှ

ထိုကဲ့သို့သော အခြေအနေနမူနာ Hypothetical Model တစ်ရပ်ကို အစမ်းတွက်ကြည့်ကြပါမည်။ Basic assumptions အခြေခံအချက်များသည်- မိသားစုတစ်စုတွင် (၁) မြေရှိသည်။ (၂) စုဆောင်းပြီး ငွေသိန်း ၁၅၀ ခန့်ရှိသည်။ (၃) အလုပ်အကိုင်ကောင်းရှိကြသဖြင့် လစဉ်မိသားစုဝင်ငွေကျပ် ခြောက်သိန်းခန့်ရှိသည်။ (၄) ပြန်လည်ဆောက်လုပ်မည့် အိမ်တန်ဖိုးသည် ကျပ်သိန်း ၅၀၀ ဖြစ်သောကြောင့် ကျပ်သိန်း ၃၅၀ ချေးငွေလိုအပ်သည်။ ဤကိစ္စကို ဘဏ်နှင့်သက်ဆိုင်ရာတို့က လေ့လာစစ်ဆေးပြီး နှစ်စဉ်အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ပြန်လည်ပေးဆပ်ချိန် ၁၀ နှစ်နှင့် သဘောတူသည်။ ချေးမည့်သူများပိုင်သောမြေကို အာမခံပစ္စည်း Collateral ဟု သတ်မှတ်သဘောတူကြသည်။ ဘဏ်မှတာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းအရ တွက်ချက်ရာ ချေးငွေသိန်း ၃၅၀ အတွက် ထိုမိသားစုသည် လစဉ်ငွေကျပ် ၃ ဒသမ ၆၄ သိန်းခန့်နှင့် ၁၀ နှစ်တိုင်တိုင်အကြိမ်ပေါင်း ၁၂၀ ခန့် ပေးဆပ်ရမည်။

အထက်ပါနမူနာ Hypothetical Model တွင် လစဉ်ပြန်လည်ပေးဆပ်ရန် တွက်ချက်ခြင်းသည် ဘဏ်ပညာရှင်များ သုံးလေ့ရှိသောနည်း P = Ai / (1 – (1 + i)^–N) where: P = regular periodic payment. A = amount borrowed. i = periodic interest rate ပင်ဖြစ်ပါသည်။ နှစ်စဉ်အတိုးနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ပြန်လည်ပေးဆပ်ရန်အတွက် အချိန် ၁၀ နှစ်သည် စာရေးသူစိတ်ကူးအရ ထည့်တွက်ထားခြင်းဖြစ်သည်။ ပြန်လည်ပေးဆပ်ရန် အချိန်နှင့်ပတ်သက်၍ စာရေးသူသိသော အခြားတိုင်းပြည်များတွင် နှစ်ပေါင်း ၂၀-၃၀ အထိပင် ပေးလေ့ရှိပါသည်။

မြန်မာနိုင်ငံမှ ဘဏ်များက ထိုမျှကာလရှည်ပေးလေ့မရှိသော်လည်း ယခုကဲ့သို့ ငလျင်ဘေးသင့်သူများကို ကယ်ဆယ်ကူညီသည့်အနေဖြင့် ပြန်လည်သုံးသပ်သင့်ပါသည်။ ယခုနမူနာတွင်ပင် ပြန်လည်ပေးဆပ်ရသောအချိန်ကို ၁၅ နှစ်၊ နှစ်စဉ်အတိုးနှုန်း ၁၂ ရာခိုင်နှုန်းနှင့် တွက်ပါမူ ချေးသူမိသားစုသည် လစဉ်ငွေကျပ် ၂ ဒသမ ၉ (၃ သိန်းခန့်) နှင့် ၁၅ နှစ်တိုင် အကြိမ်ပေါင်း ၁၈၀ ပေးဆပ်ရပါမည်။ Hypothetical Model ကိုပင် အခြေခံ၍ အိုးအိမ်ဆုံးရှုံးသွားပြီး မြေပိုင်ဆိုင်သူများအတွက် အရင်းငွေပင်မလိုဘဲ နေစရာများရရှိနိုင်ပြီး အမြတ်အစွန်းပင်ရရှိနိုင်သောနည်းများကို အထက်ပါနမူနာကို အခြေခံထားပြီး တီထွင်နိုင်ပါသည်။ ဥပမာ မြေပေ ၄၀ x ၆၀ ခန့်ရှိသူ ခြောက်ဦးခန့်စုလျှင် စတုရန်းပေ ၁၄၄၀၀ ရှိသော မြေကွက်ကိုရနိုင်ပြီး ထိုမြေပေါ်တွင် နှစ်ထပ်ဖြင့် စတုရန်းပေ ၇၀၀ ခန့်ရှိသော အိပ်ခန်းနှစ်ခန်းပါ တိုက်ခန်းပေါင်း ၁၂ ခန်းခန့် ပေါ်ပေါက်နိုင်ပါမည်။

အထက်တွင်တင်ပြသည့် Hypothetical Model ကို အတိုချုပ်တင်ပြရသော် **“ဘဏ်ချေးငွေဖြင့် ပြန်လည်တည်ထောင်ရေး”** ပင် ဖြစ်ပါသည်။ ဤနည်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်မြို့တွင် “ရွှေလင်ပန်းအိမ်ရာစီမံကိန်း”၊ “ကျန်စစ်မင်းအိမ်ရာစီမံကိန်း”၊ “အောင်မြင့်မိုရ်အိမ်ရာစီမံကိန်း” စသည်တို့နှင့် မန္တလေး ချမ်းမြသာစည်မြို့နယ်တွင် “မြရည်နန္ဒာအိမ်ရာစီမံကိန်း” စသည့် အိမ်ရာစီမံကိန်း ခုနစ်ခုခန့်နှင့် မိသားစု ၁၀၀၀၀ ခန့်အတွက် အိမ်ရာများ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်ဟု သိရပါသည်။ အထက်တွင် နမူနာအနေဖြင့် တင်ပြခဲ့သော ငွေကြေးရယူနိုင်သောစနစ်နှင့် အိုးအိမ်ဦးစီးဌာန၏ စီမံကိန်းတို့ အဓိကကွာခြားချက်မှာ အိုးအိမ်ဦးစီးဌာန၏ စီမံကိန်းများက တည်ဆောက်ရန် မြေကို အစိုးရက လျှော့ဈေးဖြင့် တွက်ခဲ့သည်။ ယခု ငလျင်ဘေးသင့်သူများ ပြန်လည်တည်ထောင်ရေးတွင် မြေရှိသူများသာပါဝင်ရန် ဖြစ်သဖြင့် ဘဏ်များအတွက် မြေကို အာမခံပစ္စည်း Collateral ရှိပြီး



မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်၏ မြင်ကွင်းကျယ်ကို ဖူးမြင်ရပုံနှင့် နောက်ဆောက်လုပ်သော အထပ်မြင့်အဆောက်အအုံကြောင့် စေတီတော်မြင်ကွင်း ဖုံးကွယ်သွားပုံ။

ဖြစ်သဖြင့် ပိုမို၍ပင် အဆင်ပြေပေမည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာစီမံကိန်း ပုဂ္ဂလိကဆောက်လုပ်ရေးကမ္ပဏီများနှင့်ပင် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ဌာနမှကျွမ်းကျင်သူများက ကြီးကြပ်ခဲ့သဖြင့် ယခုငလျင်တွင် တည်မြဲခဲ့သည်။

**နောက်နောင် ငလျင်နှင့်အခြားသော ဘေးအန္တရာယ်များအတွက် ကျင့်သုံးရန်စနစ်များ**

စာရေးသူ သကြ်န်မတိုင်မီက ရေးခဲ့သော ဆောင်းပါးတွင် ယခု မန္တလေး၊ စစ်ကိုင်းနှင့် မြန်မာပြည်အလယ်ပိုင်းငလျင်တွင် အဆောက်အအုံပေါင်းများစွာ ပြိုပျက်ခဲ့ခြင်း၏ အဓိအကြောင်းမှာ အထူးကျွမ်းကျင်ပညာရှင်များ Specialists များနှင့် ပူးပေါင်းမဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်ကို ဖော်ပြခဲ့ပါသည်။ ထိုသည်နှင့်ဆက်စပ်၍ အဆောက်အအုံတစ်ခု ပေါ်ပေါက်ရေးတွင် လုပ်ငန်းအဆင့်ဆင့်ကို ရန်ကုန်မြို့တွင် ကျင့်သုံးပုံလုပ်ထုံးလုပ်နည်းများကို လေ့လာကြည့်ပါသည်။ ထိုသည်တို့တွင် (၁) Design state ပုံစံထုတ်တွက်ချက်သောအဆင့် (၂)ဆောက်လုပ်ခွင့်ရရှိရန် လျှောက်ထားသောအဆင့် Building permit submission (၃) ဆောက်လုပ်ခြင်းနှင့် ကြီးကြပ်ခြင်း Construction and super-vision state (၄) ဆောက်လုပ်ပြီး လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ် Building Completion Certificate တို့ရရှိရန်ဟု အဆင့် လေးဆင့်ရှိသည်ကို တွေ့ရပါသည်။

Building Permit (BP) ဆောက်လုပ်ခွင့်ပါမစ်တင်သည့်အခါ Floor Plans ကြမ်းခင်းပုံစံများ၊ Sections ဖြတ်ပိုင်းပုံစံများ၊ အသေးစိတ် Steel list သံစာရင်းများ အစရှိသည်တို့ကိုပူးတွဲတင်ပြကြရသည်။ လူအများနှင့် သက်ဆိုင်သော အဆောက်အအုံများနှင့် လေးထပ်အထက် အဆောက်အအုံများအတွက် လိုင်စင်ရ Structural Engineer၊ ခိုင်ခံ့မှုကိုတွက်ချက်သော ပညာရှင်၏ လက်မှတ်နှင့် Structural calcu-lations တွက်ချက်ခြင်းများလည်း ပါဝင်ရသည်။

ထိုတွက်ချက်မှုများတွင် Stability Checking ဟူသော ခေါင်းစဉ်အောက်တွင် Overturning Checking ယိုင်လဲနိုင်မှုနှင့် Settlement Checking မြေအောက်ကျံ့ဝင်နိုင်မှု အစရှိသောပျက်စီးနိုင်မှုများကို စစ်ဆေးသောအချက်တို့ကို ထိုကျွမ်းကျင်ပညာရှင်က တွက်ချက်တင်ပြရပါသည်။ ထို့ပြင် ၁၂ ထပ်ထက်ပိုသော အဆောက်အအုံများကို အထပ်မြင့်ဟုသတ်မှတ်၍ Committee for Quality Control of High-Rise Building ဟုခေါ်သော “အထပ်မြင့်ကော်မတီ” သို့လည်း ထပ်ဆင့်တင်ရသေးသည်။ ထို CQHB တွင် မိမိတို့နိုင်ငံအဆင့်ပညာရှင်ကြီးများ ပါဝင်ကြသည်။ ထိုကဲ့သို့ အဆောက်အအုံတစ်ခုပေါ်ပေါက်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရန်ကုန်မြို့တွင် ကျင့်သုံးသည့်နည်းတူ မန္တလေးမြို့တော် စည်ပင်သာယာကလည်း ကျင့်သုံးပေလိမ့်မည်။

အထက်တွင်ဖော်ပြသော အဆောက်အအုံတစ်ခုပေါ်ပေါက်ရေး လုပ်ငန်းအဆင့်ဆင့်များသည် ပညာပိုင်းဆိုင်ရာရှုထောင့်မှကြည့်သော် ရန်ကုန်နှင့် မန္တလေးမြို့တွင် ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးနှင့် လူနေခွင့်နှင့် အသုံးပြုခွင့်လက်မှတ်ရရှိရေးလုပ်ငန်းများသည် ပြည့်စုံသည်ဟု သုံးသပ်နိုင်ပါသည်။ ထိုမြို့ကြီးများ၏ လုပ်ထုံးလုပ်နည်းများကို အခြားမြို့များကလည်း လုပ်ဆောင်ရန် ဖွဲ့စည်းပုံများ တိုးချဲ့ခြင်းနှင့် တတ်ကျွမ်းသော ပညာရှင်များကို အသုံးချရန်သာ လိုအပ်ပေမည်။ ဤတွင် ရန်ကုန်မြို့တွင် ငလျင်မလှုပ်ပါဘဲနှင့်ပင် ပြိုကျပျက်စီးသော အဆောက်အအုံများ ရှိခဲ့ပါသည်။ မမှန်မကန်တည်ဆောက်မှုဖြင့် ပြတင်းပေါက်မရှိ၊ အမိုက်ပစ်ရန်

❛Real Estate Developer ဟု ခေါ်ဆိုသင့်သော ရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျွမ်းကျင်သည့် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်ကြီးများနှင့် ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies တို့သည် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြလျှင် နောက်နောင် ဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့် ပစ္စည်းများ ဆုံးရှုံးခြင်းများ များစွာလျော့နည်းပေမည်။

မိမိတို့၏ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု အစရှိသော အထွေထွေပြဿနာများ လျော့နည်းစေရန် Zoning plans များ ထားရှိကြရန်လိုအပ်❜

နေရာမရှိသော၊ ကျန်းမာရေးနှင့် မကိုက်ညီသော အဆောက်အအုံများ မည်သို့ကြောင့် ပေါ်ပေါက်ခဲ့ပါသနည်း။ မန္တလေးမြို့တွင်လည်း ယခုငလျင်တွင် တစ်မြို့တည်း တစ်လမ်းတည်းတွင်ပင် အချို့အဆောက်အအုံများ ပြိုကျပျက်စီးကြပြီး အချို့မှာ မပျက်မစီး တည်မြဲခဲ့ကြပါသနည်းဆိုသော မေးခွန်းပေါ်ပေါက်လာပါသည်။

ဤမေးခွန်းအတွက် အဖြေသည်တစ်ခုတည်း မဟုတ်နိုင်ဘဲ အချက်များရှိပါမည်။ ဖြစ်ခဲ့သည်များမှ တစ်ချက်မှာ ဆောက်လုပ်သူ ကန်ထရိုက်များက BP ဆောက်လုပ်ခွင့်ပါမစ်တင်သည့်ပုံများက တစ်မျိုး၊ လက်တွေ့ဆောက်သည့်အခါ ဆောက်လုပ်ရေးပစ္စည်းများ လျှော့ခြင်းလည်းဖြစ်နိုင်သည်။ ယခုငလျင်တွင် ပြိုပျက်ခဲ့သော အဆောက်အအုံတို့တွင် တွန်းအား၊ ထမ်းအားများကို သယ်ပိုးရသော အစိတ်အပိုင်းများ Structural members များ လွန်စွာသေးနေခြင်းကို တွေ့ရသောကြောင့် ထိုအဆောက်အအုံသည် တတ်ကျွမ်းသော လိုင်စင်ရ Structural engineer က တွက်ချက်ခဲ့ခြင်း မဖြစ်နိုင်ပါ။ အခြားအကြောင်းတစ်ချက်သည် BP ရရှိရန် တင်စဉ်က တွက်ချက်လက်မှတ်ထိုးခဲ့သော Specialists ပညာရှင်ကြီးများကို ဆောက်လုပ်သည့်အခါ လုပ်ငန်းအပ်သူ သူဌေးကြီးများက ဆက်လက်အသုံးမပြုတော့ဘဲ ကိုယ်တိုင်ဝင်ကြီးကြပ်ကြသည်လည်း ကိုယ်တိုင်တွေ့ကြုံဖူးပါသည်။ ဤဆောင်းပါးဘောင်အတွင်း ပြီးခဲ့သော ဖြစ်ရပ်များကို ရှာဖွေရန် မရည်ရွယ်ဘဲ မိမိတို့ နောက်နောင် ဆောက်လုပ်ကြသည့်အခါ ယခုရရှိခဲ့သော သင်ခန်းစာများကို အခြေခံ၍ နောင်ထိုကဲ့သို့ မြေငလျင်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုမရှိစေရန် သို့မဟုတ် များစွာ လျော့နည်းစေသောစနစ်များ လက်ခံကျင့်သုံးသင့်ကြသည်များကို ဆွေးနွေးရန်ဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးကြခြင်းသည် တိုင်းပြည်အတွက် အကျိုးရှိသည်မှာ ထင်ရှားပါသည်။ ဟိုတယ်ကြီးများမှ မိမိတို့တိုင်းပြည်အတွက် နိုင်ငံခြားငွေရရှိကြသည်။ တိုက်ခန်းများမှ အချို့သူများ နေထိုင်စရာရရှိကြသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်သော အဖွဲ့အစည်းများကို အုပ်စုလိုက်ခွဲခြားကြည့်လျှင် (၁) ဟိုတယ်ကြီးများ၊ ကွန်ဒိုတိုက်ကြီးများ ပေါ်ပေါက်လို၍ အရင်းအနှီးစိုက်ထုတ်သူများ၊ (၂) ထိုရင်းနှီးမြှုပ်နှံသူ သူဌေးကြီးများ ကောင်းမွန်ခိုင်ခံ့သော အဆောက်အအုံကြီးများရရှိရေးတွင် ပါဝင်ကူညီပေးမည့် ဗိသုကာများနှင့် အထူးကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ ၊ (၃) ကောင်းမွန်ခိုင်ခံ့သော အဆောက်အအုံကြီးများကို အာမခံတည်ဆောက်ပေးသည့် Construction Companies ဆောက်လုပ်ရေး ကုမ္ပဏီများဟု အုပ်စု သုံးစုရှိကြသည်။

စာမျက်နှာ ၁၀ သို့ ☆

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



ပဲခူး မေ ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လျှောင်ဘေးသင့်ဒေသများတွင် မိုးစပါးနှင့် မိုးသီးနှံစိုက်ဧကများ အထွက်နှုန်းလျော့နည်းကျဆင်းမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ဧက ၂၆ သိန်းကျော်အနက် ယခင်နှစ်က ပန်းတိုင်အထွက်နှုန်း ၁၄ သိန်းကျော် ထွက်ရှိခဲ့ရာ ကျန်ရှိသည့် ၁၂ သိန်းကျော်အား ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးနှင့် ယခုနှစ်မိုးရာသီတွင် ပန်းတိုင်အထွက်နှုန်း တိုးတက်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ခြောက်ခုမှ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးများက မိုးစပါးနှင့် မိုးသီးနှံစိုက်ဧကများ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စိုက်ပျိုးသီးနှံအလိုက် အုပ်ချုပ်မှုနည်းလမ်းအရ ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း Power Point များဖြင့် ရှင်းလင်းတင်ပြကြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို အကြံပြုတင်ပြ ဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ၌ အုတ်တွင်းတပ်နယ်အသင်း ဒိုင်းဆုရရှိ



**နေပြည်တော် မေ ၁၃**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အုတ်တွင်းတပ်နယ်အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် မေ ၅ ရက်မှ ၁၃ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ MNL မှ

တောင်ဒဂုံကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲဖြင့် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ဟံသာဝတီအသင်းမှာမူ နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၂၁ မိနစ်တွင် စစ်ငြိမ်းချမ်းဦး၊ ၂၂၊ ၂၅၊ ၃၂၊ ၇၉ မိနစ်တွင် စောအောင်မျိုးဦးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၃) တတိယနေ့ကို မေ ၁၄ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရတနာပုံအသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

☆ စာမျက်နှာ ၉ မှ

ထို Interest groups ရည်ရွယ်ချက်နှင့် လုပ်ငန်းရပ် သုံးအုပ်စုတို့အပြင် ပြည်သူလူထုဘေးအန္တရာယ်ကင်းရေး၊ လူများ ကျန်းမာရေးအတွက် သင့်လျော်သော၊ သာယာသော လူ့ပတ်ဝန်းကျင်ပေါ်ပေါက်ရေးကို ဦးတည်ရသော နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသော စည်ပင်သာယာရေးကော်မတီများရှိသည်။ အထက်တွင် ဖော်ပြခဲ့သော Interest groups ရည်ရွယ်ချက်နှင့် လုပ်ငန်းရပ် သုံးအုပ်စုတို့တွင် ဒုတိယအုပ်စုဝင် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်များသည် ရင်းနှီးမြှုပ်နှံသူများကို အထောက်အကူပြုကူညီသူများသာဖြစ်သည်။

အထက်ပါ အုပ်စု သုံးစုတို့ ပူးပေါင်းဆောင်ရွက်ပုံကို စာရေးသူက သကြိန်မတိုင်မီရေးသော ဆောင်းပါးတွင် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ပုံကို ဖော်ပြခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူ သူဌေးကြီးများက ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ပင်ပန်းစွာဝင်၍ သံမည်မျှထည့်၊ ကွန်ကရစ်အချိုး မည်သို့စပ်၊ တိုင်၏ အလျား၊ အနံသည် မည်မျှဖြင့်ဆောက် အစရှိသည်များကို ညွှန်ကြားကြပါလျှင် ထိုသူတို့သည် ထိုပညာတွင် ကျွမ်းကျင်သူများမဟုတ်သဖြင့် ယခုလက်တွေ့ကြုံခဲ့သကဲ့သို့ လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းပေါင်းများစွာ ဆုံးရှုံးနိုင်ပါသည်။

အကောင်းဆုံး၊ အသင့်လျော်ဆုံးသောနည်းမှာ Tripartite သုံးပွင့်ဆိုင်စနစ် ပေါ်ပေါက်ပြီး ရင်းနှီးမြှုပ်နှံသူများကို "ကန်ထရိုက်" သို့မဟုတ် "ဆောက်လုပ်ရေးလုပ်ငန်းရှင်" ဟူသော အခေါ်များအစား "ရင်းနှီးမြှုပ်နှံသူ" Investor သို့မဟုတ် Real Estate Developer ဟု ခေါ်ဆိုသင့်ပြီး လက်တွေ့ဆောက်လုပ်ရသူများကိုသာ ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies ဟု ခေါ်ဆိုသင့်ပါသည်။ အရေးကြီးသောအချက်သည် ရင်းနှီးမြှုပ်နှံသူ Real Estate Developer များ၏ လုပ်ငန်းနှင့် ဆောက်လုပ်ရေးကုမ္ပဏီတို့ ခွဲခြားကြရပါမည်။ မြန်မာပြည်တွင် သီးသန့်ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies များရှိပါသည်။ ထိုကဲ့သို့ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြပါက အဆောက်အအုံများပျက်စီးလျှင် ဆောက်လုပ်ရေးကုမ္ပဏီများ၏ တာဝန်သာဖြစ်ရမည်။ ဆောက်လုပ်ရေးကုမ္ပဏီများက ကျွမ်းကျင်အင်ဂျင်နီယာများထားရှိခြင်း၊ နှစ်ပေါင်း ၂၀ - ၃၀ အာမခံထားရှိခြင်း စသောစနစ်များနှင့် လုပ်ကိုင်သင့်ကြပါသည်။

**Planning Permit and Zoning Regulations ကြိုတင်ဆောက်လုပ်ခွင့်နှင့် မြို့တွင်းဇုန်များအတွက် စည်းမျဉ်းများလိုအပ်ချက်**

အထက်တွင် ဆောက်လုပ်ခွင့်ရရှိရေး လိုအပ်ချက်များကို တင်ပြခဲ့ပါသည်။ ယခုအပိုဒ်တွင် မိမိတို့နိုင်ငံရှိ မြို့များတွင် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးနှင့် အခြားသော မြို့ပြဖွံ့ဖြိုးရေးတွင် လိုအပ်ချက်များကို တင်ပြအပ်ပါသည်။ ရန်ကုန်၊ မန္တလေးနှင့် အခြား မိမိတို့မြန်မာ့မြို့များမှာ မိမိတို့၏ ယဉ်ကျေးမှုအဆင့်၊ မိမိတို့လူ့ဘောင်၏ ကြွန်အင်လက္ခဏာများကို ဖော်ပြလျက်ရှိသည်။ ယခုကဲ့သို့ ပြန်လည်တည်ဆောက်ကြသည့် အခါတွင်လည်းကောင်း၊ အဆောက်အအုံသစ်များ ဆောက်လုပ်သည့်အခါတွင်လည်းကောင်း အထပ်မြင့်အဆောက်အအုံများသည် မိမိတို့၏ အထွတ်အထိပ်ဖြစ်သည့် ဘုရားစေတီပုထိုးများကို လွှမ်းခြင်းမရှိသင့်ပါ။ သမ္မတကြီး ဦးသိန်းစိန်အစိုးရ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်လက်ထက်တွင် မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်ဝန်းကျင်အဆောက်အအုံများကို စေတီတော်ရင်ပြင်ထက်ပို၍ မမြင့်ရန် စည်းကမ်းကို လက်ခံကျင့်သုံးခဲ့ကြသည်။ မန္တလေးမြို့တွင်လည်း သမ္မတကြီး ဦးသိန်းစိန်အစိုးရ၊ ဝန်ကြီးချုပ် ဦးရဲမြင့်လက်ထက်တွင် နန်းမြို့ရိုးပတ်လည်နှင့် မန္တလေးတောင်မြင်ကွင်းကို ကွယ်စေသည့် ၆၆ လမ်းတစ်လျှောက်တွင် အဆောက်အအုံအမြင့်သတ်မှတ်ချက် စည်းကမ်းများထားရှိခဲ့သည်။

မြန်မာမြို့များ ကြွန်အင်လက္ခဏာ ထိန်းသိမ်းရေးအပြင် လမ်းဆုံလမ်းခွများတွင်ကပ်၍ အထပ်မြင့်အဆောက်အအုံများ တည်ဆောက်လျှင် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ထိုနေရာများတွင် ယာဉ်ရပ်နားရန်နေရာမရှိခြင်း စသည်တို့ကြောင့် မြို့များတွင် Zoning plans များ ထားရှိကြပါသည်။ Zoning plans များတွင် မြို့တွင်းဇုန်တို့အလိုက် Building heights ဆောက်ခွင့်ရှိသောအမြင့်၊ Floor area densities ကြမ်းခင်းဧရိယာသိပ်သည်းမှု၊ Set-back distance လမ်းမှ နောက်ဆုတ်ရန် အကွာအဝေး အစရှိသည်တို့ကို သတ်မှတ်ပါသည်။ ထိုအချက်နှင့် တွဲဖက်၍ အထက်တွင် ဆွေးနွေးခဲ့သော B.P. ဆောက်လုပ်ခွင့်ပါမစ်မတင်မီ Planning Permit ဟုခေါ်သော "အကြိုဆောက်လုပ်ခွင့်" ကိုတင်သော စည်းကမ်းထားကြသည်။ ထို P.P. "အကြိုဆောက်လုပ်ခွင့်" တွင် အထက်၌ ဆွေးနွေးခဲ့သော အသေးစိတ်ပုံများ၊ Structural calculations စသည်တို့မပါသေးဘဲ ဗိသုကာပုံစံများသာ လိုအပ်သည်။ ထိုသို့ Planning Permit ခေါ် "အကြိုဆောက်လုပ်ခွင့်" ထားရှိခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူတို့သည် ဗိသုကာများ၏အကူအညီနှင့် ဆောက်လုပ်မည့်အဆောက်အအုံ၏ အတိုင်းအတာ၊ အမြင့်၊ ရရှိနိုင်မည့် အခန်းပေါင်း စသည်တို့ကို ကြိုတင်တွက်ချက်နိုင်ပါသည်။

**အကျဉ်းချုံးအဆိုပြုချက်များ**

ဤဆောင်းပါးမှ အချက်အားလုံးတို့ကို ခြုံ၍ တင်ပြရပါလျှင် (၁) ယခု မတ်လတွင် ကြုံခဲ့ရသော အသက်နှင့်အိမ်ရာများ ဆုံးရှုံးသူများ ပြန်လည်တည်ဆောက်ရေးတွင် ဘဏ်ချေးငွေစနစ်ဖြင့်လည်း ပါဝင်ကူညီသင့်ပါကြောင်း တင်ပြအပ်ပါသည်။ (၂) Real Estate Developer ဟု ခေါ်ဆိုသင့်သော ရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျွမ်းကျင်သည့် ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်ကြီးများနှင့် ဆောက်လုပ်ရေးကုမ္ပဏီ Construction Companies တို့သည် Tripartite သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ကြလျှင် နောက်နောင်ဘေးအန္တရာယ်များ ပေါ်ပေါက်လာလျှင် လူ့အသက်များနှင့်ပစ္စည်းများ ဆုံးရှုံးခြင်းများ များစွာလျော့နည်းပေမည်။ (၃) မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့မြို့ရွာများသည် မိမိတို့၏ ဘဝ၊ မိမိတို့၏ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ထုတ်သည်။ မိမိတို့၏ ယဉ်ကျေးမှုအရ မိမိတို့၏ဘုရားစေတီပုထိုးများအပေါ် အထပ်မြင့်အဆောက်အအုံများဖြင့် လွှမ်းမိုးခြင်း၊ စေတီပုထိုးများ၏ အမြင်လမ်းကြောင်း ပိတ်ဆို့ခြင်းများ မဖြစ်အပ်ပေ။ မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်နှင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှု အစရှိသောအထွေထွေပြဿနာများ လျော့နည်းစေရန် Zoning plans များ ထားရှိကြရန် လိုအပ်ပါသည်။ ။

ဤဆောင်းပါး၌ ဖော်ပြချက်များသည် ဆောင်းပါးရှင်၏အာဘော်များသာဖြစ်ပါသည်။

# သူတို့ကို အပြင်မှာပဲ ခေါက်သာထား

**ဟို ဥရောပသမဂ္ဂကလူတွေလေ၊ အဲဒီ မဟာ့မဟာဉာဏ်ကြီးရှင်ဆိုတဲ့သူတွေ ကြေညာလိုက်တာက ပိတ်ဆို့အရေးယူတာကို နောက်တစ်နှစ် တိုးလိုက်တာတဲ့ဗျ။ အံ့စရာကြီးပါလား။ နောင်ဆိုရင် နှစ်တိုင်း ပြန်သုံးသပ်တာမျိုး သူတို့မလုပ်တော့ရင် ကောင်းမယ်ဗျ။ လုပ်နေစရာကို မလိုတော့တာလေ။ သူတို့ အရေးယူထားတဲ့အတိုင်းပဲ အပြီးထားလိုက်တော့။ အဲဒီနည်းနဲ့ သူတို့ကို ခေါက်ထားလိုက်။ ဟိုအဝေးကနေပဲ အော်နေပလေ့စေ။ အဲဒီလိုပဲ ကြာနိုင်သလောက်ကြာကြာထားလိုက်၊ ဟိုအဝေးက အော်နေရတော့ ဝင်မရှုပ်နိုင်တော့ဘူးပေါ့။ အခုလို ကမ္ဘာကြီး အနေအထားတွေပြောင်းလဲသွားတဲ့အချိန်မှာ စီးပွားရေးအရပဲ ဖြစ်ဖြစ်၊ ပထဝီနိုင်ငံရေးအရပဲဖြစ်ဖြစ်၊ အခြားအကြောင်းအရာအရပဲဖြစ်ဖြစ် သူတို့လက်ထဲမှာ အရင်လို တန်ခိုးအာဏာကြာကြာမရှိတော့ပါဘူး။**


www.gnlm.com.mm

9 MAY 2025

THE GLOBAL NEW LIGHT OF MYANMAR

9

ARTICLE

## Keep them out

By Kyaw Myint Tun

THE great minds at the EU announced the extension of the sanctions for another year. Wonderful!!! Let's hope that in the future, they don't do the annual review anymore. Why bother? Let them keep the sanctions. That way, they stay away! They shout from afar! Keep them like that as long as possible! Shouting from afar, they can't interfere much. In this changed global landscape, economically, geopolitically or otherwise, they are no longer the power they used to be.

Myanmar has many options at its disposal that were not possible 20, 30 years ago. Those in the EU, together with their minions at the Ivory Towers in Geneva and New York, are not the ones to decide the fate of the world. The bigger ones will!

There are all kinds of talks about foreign interference! All's well with foreign interference as long as all of their objectives are in the picture. As long as sovereign states get on their knees to the demands of these globalists. Kudos to courageous leaders from Hungary, Serbia, Slovakia, and Romania. In the case of the leader in Slovakia, he even got shot, but God was on his side! Serbia, a sovereign country, has been threatened recently for the decision to attend the Victory Day Parade in Moscow. The Victory Day is to celebrate the defeat over the Nazis and the horror they inflict upon the humanity. So the brightest minds in the EU now wishes not to celebrate the defeat of the Nazis? Wow!!! Keep these hypocrites out of Myanmar! Keep them out!

Myanmar is very familiar with foreign interference. A particular foreign country has been interfering in Myanmar's affairs since its independence. Wait, that's not factually accurate, the interference is since before independence. They have been trying to break apart Myanmar. Who invented "divide and conquer"? That's why the so-called "federalism" is being talked about aloud. Let's not be fooled! Federalism is a cover for the eventual disintegration of the country. A leader of that particular country even recited Kipling while visiting the most venerable Shwedagon Pagoda! Imagine a leader of a country says something so offensive on a visit to the Sistine Chapel or the Western Wall? Only in Myanmar, they get away! To them, the Myanmar people will always be of a lower caste. They don't really care about these brown skin people from a small country in Asia. It's their unfinished business from 80 years ago that they continue to tirelessly pursue. In their mind, the sun hasn't set on the empire! Keep them out!

Self-absorbed people (SAPs) in the Ivory Towers in Geneva and New York don't understand and are ignorant about the history of Myanmar. The great envoy couldn't help to stay away after the historic earthquake. Something like this might not come for another 100 years! Great photo ops and video clip with the ruins in the background. Wonderful addition for future employment. Great LinkedIn moment! Nothing more! It was not about compassion! Let's not forget, truly out of compassion (oh so truly out of great compassion!), the big boss visited Cox's Bazar in the 9th year of the term! People should be moved to tears by such a show of compassion! Tensions in Kashmir have been rising in recent weeks. Let's remind people that those SAPs have been in Kashmir since 1948. Their longest presence anywhere. What did they ever do except change one envoy after another? Now, Kashmir is on the brink of a full-blown conflict. No wonder their big Uncle is considering withdrawing from funding. What did they do all those decades in Sudan? South Sudan? Congo? Recent headlines on Haiti said, "Gang-ravaged Haiti nearing point of no return". One million Haitian children face a critical food shortage. In Sudan, "more Sudanese refugees are fleeing as far as Europe". Again, the simple question is, what have they done in these countries all these years? Keep them out!

Their objective is to prolong conflicts, not to solve. Solving conflicts translates to the end of payroll. Even after their term, they can't fade away. They have to keep their names on the radar for future appointments. These egomaniacs are so blinded, they didn't realise they borrowed SAC (yes, SAC!) in their acronym. Some put on military fatigues to visit refugee camps and armed ethnic groups. Who's that tough guy? Keep these SAPs out!

Last but no less important, shout out to the world-class sex harasser at the Court! Como estáis?

(The views and opinions expressed in this article are those of the author.) ■

မြန်မာနိုင်ငံမှာ အရင် နှစ် ၂၀၊ ၃၀ တုန်းက မရနိုင်ခဲ့တဲ့ ရွေးစရာတွေ အများကြီးရှိလာပြီ။ ဟို ဥရောပသမဂ္ဂကလူတွေနဲ့ ဂျီနီဗာတို့၊ နယူးယောက်တို့မှာရှိတဲ့ ဆင်စွယ်နန်းတော်ထက်က သူတို့ရဲ့ လက်ပါးစေတွေဟာ ကမ္ဘာကြီးရဲ့ ကံကြမ္မာကို ဆုံးဖြတ်ပေးမယ့်သူတွေ မဟုတ်တော့ဘူး။ သူတို့ထက် ပိုကြီးတဲ့သူတွေက ဆုံးဖြတ်ပါတော့မယ်။

နိုင်ငံခြားက ဝင်ရောက်စွက်ဖက်နေတယ်ဆိုတဲ့ အကြောင်းတွေ ဟိုမှာ၊ ဒီမှာ အမျိုးမျိုးပြောနေကြတာပဲ။ သူတို့ဖြစ်စေချင်တဲ့အတိုင်း ဖြစ်နေသရွေ့တော့ နိုင်ငံခြားက ဝင်စွက်ဖက်တာလည်း ဘောင်ဝင်နေတာပါပဲ။ ဟိုကမ္ဘာ့အရေးလုပ်နေတယ်ဆိုတဲ့ လူတွေ တောင်းဆိုသမျှကို အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတွေက ဒူးထောက်လိုက်လုပ်နေသရွေ့ပေါ့။ ဟန်ဂေရီ၊ ဆားဘီးယား၊ ဆလိုဗက်ကီးယား၊ ရိုမေးနီးယားက သတ္တိရှိတဲ့ခေါင်းဆောင်တွေကိုတော့ ချီးကျူးပါတယ်။

ဟိုဆလိုဗက်ကီးယားက ခေါင်းဆောင်ဆိုရင် သေနတ်နဲ့တောင် အပစ်ခံလိုက်ရသေးတယ်။ ဒါပေမဲ့ ဘုရားသခင်က သူ့ဘက်မှာရှိနေလို့ တော်သေးတာ။ ဆားဘီးယားဆိုတဲ့ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံကို မကြာသေးခင်က မော်စကိုမှာလုပ်တဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ စစ်ရေးပြအခမ်းအနားကို တက်ဖို့ဆုံးဖြတ်တာနဲ့ပတ်သက်ပြီး ခြိမ်းခြောက်ခံနေရတယ်။

အောင်ပွဲနေ့ဆိုတာ နာဇီတွေကို နိုင်ခဲ့တာရယ်၊ နာဇီတွေက လူသားတွေကို ဘယ်လောက်တောင် ကြောက်စရာကောင်းအောင် ဒုက္ခပေးခဲ့လဲဆိုတာကို အမှတ်ရစေတဲ့နေ့လေ။ ဥရောပသမဂ္ဂရဲ့ မဟာဉာဏ်ကြီးရှင်တွေက အဲဒီလို နာဇီတွေရှုံးတာကို မကျင်းပချင်တော့ဘူးတဲ့လား။ အံ့ပါရဲ့၊ ဒီလိုကြောင်သူတော်တွေ မြန်မာနိုင်ငံထဲ မဝင်လာစေနဲ့၊ အပြင်မှာပဲ နေပလေ့စေ။

မြန်မာနိုင်ငံဟာ ပြည်ပက ဝင်ရောက်စွက်ဖက်တာကို တော်တော်လေး အသားကျနေတဲ့နိုင်ငံပါ။ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ခုဆိုရင် မြန်မာ့အရေးမှာ လွတ်လပ်ရေးရတဲ့အချိန်ကတည်းက ဝင်ပါနေတာ။ အဲ- နေဦး။ အဲဒါ အတိအကျမဟုတ်သေးဘူး၊ လွတ်လပ်ရေးမရခင်ကတည်းက ဝင်ပါနေတာ။

သူတို့မြန်မာနိုင်ငံကို တစ်စစီခွဲဖို့စိတ်ဖို့ ကြိုးစားနေတာကြာပြီ။ **"သွေးခွဲအုပ်ချုပ်တယ်"** ဆိုတာ ဘယ်သူစတီထွင်ခဲ့တာလဲ။ အဲဒါကြောင့် **"ဖက်ဒရယ်"** ဆိုတာကို ကျယ်ကျယ်လောင်လောင် ပြောနေကြတာ။ အရူးလုပ်ခံမနေနဲ့။ ဖက်ဒရယ်ဆိုတာ နောက်ဆုံးတိုင်းပြည်ပြိုကွဲသွားဖို့ လှည့်စားထားတဲ့ အပေါ်ယံမျက်နှာဖုံးပဲ။

ဟိုနိုင်ငံက ခေါင်းဆောင်တစ်ယောက်ဆိုရင် ရွှေတိဂုံဘုရားလို အမြင့်မြတ်ဆုံးနေရာကိုလာတုန်းတောင် နယ်ချဲ့ဝါဒီစာဆို ကစ်ပလင်ရဲ့စာတွေကို အာချောင်သွားသေးတယ်။ တကယ်လို့ တိုင်းပြည်ခေါင်းဆောင်တစ်ယောက်ယောက်က ဗာတီကန်နန်းတော်ထဲမှာရှိတဲ့ စစ်စတင်းချယ်ပယ်လ်တို့၊ ဂျေရုဆလင်မြို့ဟောင်းက အနောက်ဘက်တံတိုင်းတို့လို နေရာမျိုးကိုသွားပြီး အဲဒီလိုမောက်မာတဲ့ စကားမျိုး အာချောင်ကြည့်စမ်းပါလား။ မြန်မာနိုင်ငံမှာမို့လို့သာ သူလစ်သွားနိုင်ခဲ့တာ။ သူတို့အတွက်တော့ မြန်မာလူမျိုးတွေက အမြဲတမ်းဇာတ်နိမ့်တဲ့ လူမျိုးတွေပဲ။

အာရှနိုင်ငံငယ်လေးက ဒီလို အသားညိုတဲ့ လူတွေကို သူတို့တကယ်အရေးမလုပ်ပါဘူး။ လွန်ခဲ့တဲ့ နှစ် ၈၀ က သူတို့မပြီးပြတ်ခဲ့တဲ့ကိစ္စကို အခုထိ မဆုတ်မနစ်လိုက်လုပ်နေတာ။ သူတို့စိတ်ထဲမှာတော့ နေမဝင်အင်ပါယာကြီးက အခုထိရှိတုန်းပဲ၊ သူတို့ကို အပြင်မှာပဲခေါက်သာထား။

ဟိုဂျီနီဗာတို့ နယူးယောက်တို့က အထက်တန်းလွှာထဲမှာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးသူတွေက မြန်မာ့သမိုင်းအကြောင်း ဘာမှနားမလည်ဘူး၊ တော်တော်လည်း အတွေးအမြင်နည်းကြတယ်။ သမိုင်းဝင်မြေငလျင်ကြီး ဖြစ်သွားပြီးတဲ့နောက်မှာတော့ ဟိုအထူးသံတမန်ကြီးလည်း ရှောင်မနေနိုင်တော့ဘူးထင်တယ်။

ဒီလိုအခွင့်အရေးမျိုးက နောက် အနှစ် ၁၀၀ လောက်မှ တစ်ခါတောင်ပြန်ရဖို့မလွယ်ဘူး မဟုတ်လား။ အပျက်အစီးတွေကို နောက်ခံထားပြီး ဓာတ်ပုံလှလှလေးတွေ၊ ဗီဒီယိုမှတ်တမ်းကောင်းကောင်းလေးတွေ ရိုက်ထားလိုက်ရတာ။ နောင် အလုပ်လျှောက်တဲ့အခါ ထည့်ပြဖို့လည်း အလွန်ကောင်းတာပဲပေါ့။ LinkedInမှာ တင်ဖို့ ဒီထက်ကောင်းတာမရှိ၊ ကွက်တိ။ ကရုဏာတဲ့လား၊ ဝေးသေး၊ စိတ်ရင်းစေတနာနဲ့ လုပ်တာမဟုတ်ဘူး၊ အို တကယ့်ကို စိတ်ရင်းစေတနာအစစ်နဲ့ အဝေးကြီးဆိုတာကို မမေ့ကြနဲ့ဗျို့။

ဟိုအကြီးအကဲဆိုတဲ့လူကြီး သူ့လုပ်သက်ကိုးနှစ်မြောက်မှ ကော့စ်ဘဇားကို ရောက်လာခဲ့တာလေ။ လူတွေက အဲဒီလို စေတနာပြစားတာကို မြင်ပြီး မျက်ရည်တွေဝိုင်းကြရမှာ။ မကြာသေးခင်ရက်သတ္တပတ်တွေကတော့ ကက်ရှ်မီးယားမှာ တင်းမာမှုတွေ ဖြစ်နေတယ်။

ပြည်သူတွေကို ပြန်သတိပေးရအောင်၊ ဟိုတစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတဲ့လူတွေက ၁၉၄၈ ခုနှစ်ကတည်းက ကက်ရှ်မီးယားမှာ ရှိနေတာလေ။ ဘယ်နေရာမှာမှ အဲဒီလောက်အကြာကြီး မနေဖူးဘူး။ သူတို့က သံတမန်တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေတာကလွဲလို့ ဘာများလုပ်ခဲ့လို့လဲ။ အခုတော့ ကက်ရှ်မီးယားမှာ တကယ့်ကို စစ်ဖြစ်တော့မယ့်အခြေအနေကို ရောက်နေပြီ။

ဒါကြောင့် သူတို့ရဲ့ ဦးလေးကြီးက ငွေကြေးထောက်ပံ့တာကို ရုပ်သိမ်းဖို့ စဉ်းစားနေတာ မဆန်းပါဘူး။ သူတို့တွေ ဆူဒန်မှာရော၊ တောင်ဆူဒန်မှာရော၊ ကွန်ဂိုမှာရော ဆယ်စုနှစ်ပေါင်းများစွာ ဘာတွေလုပ်ခဲ့လို့လဲ။ မကြာသေးခင်က ဟေတီသတင်းတွေမှာဆို **"လူဆိုးဂိုဏ်းတွေက ဖျက်ဆီးနေတဲ့ ဟေတီ မပြန်လမ်းကို မြန်းဖို့နီးပြီ"** လို့တောင် ရေးနေကြပြီ။

ဟေတီက ကလေးတစ်သန်းလောက် စားစရာပြတ်လပ်မှုနဲ့ရင်ဆိုင်နေရတယ်။ ဆူဒန်အကြောင်းပြောရရင်လည်း **"ဆူဒန်ဒုက္ခသည်တွေ ဥရောပအထိ ထွက်ပြေးနေရတယ်"**တဲ့။ ထပ်ပြီး ရိုးရိုးလေးမေးချင်တာက သူတို့ ဒီနိုင်ငံတွေမှာ နှစ်ပေါင်းများစွာ ဘာတွေလုပ်ခဲ့သလဲဆိုတာကိုပဲ။ သူတို့ကို အပြင်မှာပဲ ခေါက်သာထား။

သူတို့ရဲ့ရည်ရွယ်ချက်က ပဋိပက္ခတွေကို ပြေလည်စေဖို့မဟုတ်ဘူး၊ ပိုကြာအောင် ဆွဲဆန့်နေဖို့။ ပဋိပက္ခတွေပြေလည်သွားရင် သူတို့လစာရပ်သွားမှာလေ။ သူတို့ သက်တမ်းကုန်သွားရင်တောင် ပဋိပက္ခတွေပျောက်သွားလို့မဖြစ်ဘူး။ နောင်ခန့်အပ်ခံရဖို့အတွက် သူတို့နာမည်ကို လူတွေသိနေအောင် လုပ်ထားရတယ်။

ဒီကိုယ့်ကိုယ်ကိုယ် အလွန်အထင်ကြီးတဲ့လူတွေက မျက်စိတွေကွယ်နေတာ၊ သူတို့ရဲ့ အတိုကောက်နာမည်ထဲမှာ "SAC" (ဟုတ်တယ် SAC !!!) ဆိုတာပါနေတာတောင် သတိမထားမိဘူး။ တချို့က ဒုက္ခသည်စခန်းတွေနဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေဆီကိုသွားတုန်း စစ်ဝတ်စုံတွေတောင် ဝတ်ထားသေးတယ်။ အဲဒီလောက် စရိုက်ကြမ်းတာ ဘယ်ကောင်လဲ။ ဒီကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ လူတွေကို အပြင်မှာပဲထား။

နောက်ဆုံးတစ်ခုအနေနဲ့ ဒါပေမဲ့လည်း အရေးမပါဘူးလို့တော့ မထင်နဲ့နော်။ အပြည်ပြည်ဆိုင်ရာတရားရုံးက ကမ္ဘာ့အဆင့် လိင်ပိုင်းဆိုင်ရာစော်ကားသူကြီးကို အော် ပြောလိုက်ဦးမယ်။ မင်းရော ဘယ်လိုလဲ၊ အေးဆေးလား။ ။

(၉-၅-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် ကျော်မြင့်ထွန်း(ပါရီ)၏ Keep Them Out ဆောင်းပါးအား ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

❖ နောင်ဆိုရင် နှစ်တိုင်း ပြန်သုံးသပ်တာမျိုး သူတို့မလုပ်တော့ရင် ကောင်းမယ်ဗျ။ လုပ်နေစရာကို မလိုတော့တာလေ။ သူတို့ အရေးယူထားတဲ့အတိုင်းပဲ အပြီးထားလိုက်တော့။ အဲဒီနည်းနဲ့ သူတို့ကို ခေါက်ထားလိုက်။ ဟိုအဝေးကနေပဲ အော်နေပလေ့စေ။ အဲဒီလိုပဲ ကြာနိုင်သလောက်ကြာကြာထားလိုက်၊ ဟိုအဝေးက အော်နေရတော့ ဝင်မရှုပ်နိုင်တော့ဘူးပေါ့။

❖ မြန်မာနိုင်ငံမှာ အရင် နှစ် ၂၀၊ ၃၀ တုန်းက မရနိုင်ခဲ့တဲ့ ရွေးစရာတွေအများကြီးရှိလာပြီ။ ဟို ဥရောပသမဂ္ဂကလူတွေနဲ့ ဂျီနီဗာတို့၊ နယူးယောက်တို့မှာရှိတဲ့ ဆင်စွယ်နန်းတော်ထက်က သူတို့ရဲ့လက်ပါးစေတွေဟာ ကမ္ဘာကြီးရဲ့ ကံကြမ္မာကို ဆုံးဖြတ်ပေးမယ့် သူတွေမဟုတ်တော့ဘူး။ သူတို့ထက် ပိုကြီးတဲ့သူတွေက ဆုံးဖြတ်ပါတော့မယ်။

❖ အာရှနိုင်ငံငယ်လေးက ဒီလို အသားညိုတဲ့လူတွေကို သူတို့တကယ်အရေးမလုပ်ပါဘူး။ လွန်ခဲ့တဲ့ နှစ် ၈၀ က သူတို့မပြီးပြတ်ခဲ့တဲ့ကိစ္စကို အခုထိ မဆုတ်မနစ်လိုက်လုပ်နေတာ။ သူတို့စိတ်ထဲမှာတော့ နေမဝင်အင်ပါယာကြီးက အခုထိရှိတုန်းပဲ၊ သူတို့ကို အပြင်မှာပဲခေါက်သာထား။

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ



နေပြည်တော် မေ ၁၃

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

## လိုက်လံရှင်းလင်းပြသ

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသားသင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) Documentary အား ပြသပြီး ရေကြောင်းပြခန်းနှင့် ဥတ္တရဆောင်ရှိ စာသင်ခန်းတို့အား လေ့လာခြင်း၊ Torpedo Trainer နှင့် ရေတပ်အမြောက်များ လေ့လာခြင်း၊ Welding Simulator၊ Electrical Trainer နှင့် Cutaway Model များအား လေ့လာခြင်း၊ Damage Control Simulator–Zarmani အား လေ့လာခြင်း၊ Ship Handling Simulator နှင့် Engine Room Simulator များအား လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ်(မေယု)တို့အား လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ထို့နောက် သင်တန်းသား သင်တန်းသူများသည် ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြပြီး စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် Ship Lift System စနစ်ဖြင့်ရေယာဉ်များ လွန်းတင်/လွန်းချခြင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် သင်တန်းသား သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်၏ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာ စနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ ထူးချွန်ဆုရသင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေး စစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ရဟတ်ယာဉ်များအား လက်တွေ့လိုက်ပါ ပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ စခန်းပေါင်းစုံအခြေခံစစ်ရေးပြပြိုင်ပွဲများ၊ RC Simulator မောင်းနှင်ခြင်းနှင့် Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများကို ပြုလုပ်ရာ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်းစသည့် လေကြောင်းလူငယ် သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက် တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ မေ ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မေ ၁၇ ရက်မှ ၂၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

## အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**












# အမေရိကန်သမ္မတထရမ့် အရှေ့အလယ်ပိုင်းခရီးစဉ်စတင်သည့်အနေဖြင့် ဆော်ဒီအာရေးဗျသို့ ရောက်ရှိ

**ဝါရှင်တန် မေ ၁၃**

အမေရိကန်သမ္မတထရမ့်သည် ၎င်း၏ အရှေ့အလယ်ပိုင်းခရီးစဉ်စတင်သည့်အနေဖြင့် ဆော်ဒီအာရေးဗျနိုင်ငံသို့ မေ ၁၃ ရက်တွင် ရောက်ရှိခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်း၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း ကာတာနှင့် ယူအေအီးနိုင်ငံများသို့လည်း သွားရောက်မည်ဖြစ်သည်။

ထရမ့်သည် သမ္မတအဖြစ်တာဝန်ထမ်းဆောင်သည့် ပထမသက်တမ်းအတွင်းကလည်း ဆော်ဒီအာရေးဗျနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၎င်း၏ ခရီးစဉ်အတွင်း ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက် ဘင်ဆယ်လမန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဆော်ဒီနှင့်အမေရိကန် ရင်းနှင်းမြှုပ်နှံသူများနှင့်လည်း တွေ့ဆုံမိန့်ခွန်း ပြောကြားမည်ဟု သိရသည်။ ဆော်ဒီနှင့် အမေရိကန်နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် ဂါဇာဒေသရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ အီရန်နျူကလီးယားအရေးနှင့် အခြားဒေသတွင်း ကိစ္စရပ်များကို ယခုခရီးစဉ်အတွင်း ခေါင်းဆောင်များအကြား ဆွေးနွေးမည်ဖြစ်သည်။

ယခုနှစ်ဇန်နဝါရီလအတွင်းက ဖုန်းဖြင့်ဆွေးနွေးရာတွင် လာမည့်လေးနှစ်အတွင်း ဆော်ဒီအာရေးဗျက အမေရိကန်တွင် ကန်ဒေါ်လာ ဘီလီယံ ၆၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လမန်က ထရမ့်အား ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအား အစ္စရေး၏ ဂါဇာဒေသခံများကို တိုက်ခိုက်ရာတွင် အကူအညီပေးမှုနှင့် ဂါဇာဒေသခံများအား နေရပ်စွန့်ခွာရေး စီမံဆောင်ရွက်မှုဖြင့် ကမ္ဘာတစ်ဝန်းဝေဖန်မှုများ မြင့်တက်နေသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**





# ဂျပန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မည်

**တိုကျို မေ ၁၃**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် တောင်ကိုရီးယား ကမ်းတက်တပ်ဖွဲ့တို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို လာမည့်လအစောပိုင်းတွင် ဆောင်ရွက်မည်ဟု သိရသည်။

မြောက်ကိုရီးယားနှင့် အခြားကမ္ဘာ့နိုင်ငံများအား ရင်ဆိုင်ရန်အတွက် ဂျပန်နှင့် တောင်ကိုရီးယားအကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ယခုပူးတွဲစစ်ရေးလေ့ကျင့်မှုဖြင့် မြှင့်တင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုဆောင်ရွက်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ယခုလနှောင်းပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် သဘာဝဘေးဆိုင်ရာ ကူညီကယ်ဆယ်ရေး စစ်ရေးလေ့ကျင့်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။ သဘာဝဘေးဆိုင်ရာ ကူညီကယ်ဆယ်ရေး စစ်ရေးလေ့ကျင့်မှုများကို ယခင်ကဆောင်ရွက်ခဲ့သော်လည်း ၎င်းစစ်ရေးလေ့ကျင့်မှုများတွင် ဂျပန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များသည် သီးခြားစီသာလေ့ကျင့်ခဲ့ကြသည်။

ယခုဆောင်ရွက်မည့်သဘာဝဘေးဆိုင်ရာ ကူညီကယ်ဆယ်ရေးစစ်ရေးလေ့ကျင့်မှုတွင် ဆူနာမီမုန်တိုင်းကျရောက်နေစဉ် တောင်ကိုရီးယားကမ်းတက်တပ်ဖွဲ့ဝင်များက ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ မော်တော်ဘုတ်များတွင် လိုက်ပါစီးနင်းပြီး ရှာဖွေကယ်ဆယ်ရေး တာဝန်ထမ်းဆောင်ခြင်းကို လေ့ကျင့်မည်ဖြစ်သည်။ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများသည် ပြီးခဲ့သည့်နှစ်ဇူလိုင်လက စစ်ရေးပူးတွဲလေ့ကျင့်ခြင်းနှင့် သတင်းအချက်အလက်များမျှဝေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်သဘောတူခဲ့သည်။ ဂျပန်နှင့်တောင်ကိုရီးယားအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် လွတ်လပ်ပွင့်လင်းသည့် အင်ဒို-ပစိဖိတ်ဒေသဖြစ်လာစေရေးအတွက် အကျိုးကျေးဇူးများရှိလာမည်ဟု ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံတွင် အီးစီးကရက်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုလိုင်စင်များ ထုတ်ပေးတော့မည်မဟုတ်

**ဖနောင်ပင် မေ ၁၃**

ကမ္ဘောဒီးယားနိုင်ငံတွင် အီးစီးကရက်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုလိုင်စင်များကို ထုတ်ပေးတော့မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ဟွန်မာနက်က ပြောကြားသည်။

**အစိုးရက ခွင့်ပြုမည်မဟုတ်**

ကမ္ဘောဒီးယားနိုင်ငံ ဆေးရွက်ကြီးထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့အကြီးအကဲ ဗာရော့စ်ဖီအိုင်ရာမီဂယ်နှင့် ဖနောင်ပင်ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် တွေ့ဆုံခဲ့ပြီးနောက် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အီးစီးကရက်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းကို အစိုးရက ခွင့်ပြုမည်မဟုတ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်တွင် ဆေးရွက်ကြီးထုတ်ကုန်နှင့် စီးကရက်များအား နိုင်ငံအတွင်းသို့ တရားမဝင်တင်ပို့နေမှုကို အစိုးရက တားမြစ်ဆောင်ရွက်နေပြီး ပြည်သူများအား ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုကို ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဟွန်မာနက်က ပြောကြားသည်။ အစိုးရအနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ နိုင်ငံအတွင်းသို့ အီးစီးကရက်တင်ပို့မှုနှင့် သုံးစွဲမှုကို တားမြစ်ခဲ့သည်။ အီးစီးကရက်တွင်ပါဝင်သည့် နီကိုတင်းဓာတ်သည် သုံးစွဲသူ၏ ကျန်းမာရေးကို ထိခိုက်စေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်ရေးဆွေးနွေးပွဲများကို ကြိုဆိုကြောင်း ဂူတာရပ်စ် ပြောကြား

**နယူးယောက် မေ ၁၃**

တရုတ်နှင့် အမေရိကန်အကြား မကြာမီက ကျင်းပခဲ့သည့် ကုန်သွယ်ရေးဆွေးနွေးပွဲများကို ကြိုဆိုကြောင်းနှင့် ၎င်းဆွေးနွေးပွဲများသည် ကမ္ဘာ့စီးပွားရေးအတွက် အပြုသဘောဆောင်သည်ကို တွေ့ရှိရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရပ်စ်က ပြောကြားသည်။



ကုန်သွယ်ရေးဆိုင်ရာတွင် အငြင်းပွားမှုများမြင့်တက်ခြင်းကို မိမိတို့မလိုလားကြောင်းနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အဖြေရရှိမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရတ်က ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မကြာသေးမီက ကျင်းပခဲ့သည့် ကုန်သွယ်ရေးဆွေးနွေးပွဲအတွင်း တရုတ်နှင့် အမေရိကန်အကြား သဘောတူညီချက်အများအပြားရရှိခဲ့သည်။

ကုန်သွယ်ရေးပဋိပက္ခ ဖြစ်ပွားခြင်းဖြင့် မည်သူမျှအကျိုးမရှိဆိုသည့်အချက်ကို ဂူတာရပ်စ်က ယုံကြည်ထားကြောင်း စတီဖင် ဒူဂျာရတ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူလှိုင်းကျရောက်နေသဖြင့် အရေးပေါ်သတိပေးချက် ထုတ်ပြန်

**ဒါကာ မေ ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိအချိန်၌ အပူလှိုင်းကျရောက်နေသဖြင့် အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားပြီး နိုင်ငံသားများအား အပူဒဏ်ကာကွယ်ရေးအတွက် အစီအမံများဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားထားကြောင်း သိရသည်။

သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ကာယလုပ်သားများနှင့်နာတာရှည်ရောဂါခံစားနေရသူများအား နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်ညွှန်ကြားထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလုပ်ငန်းဌာနက ပြောကြားသည်။ နိုင်ငံသားများအား အိမ်တွင်းနှင့် အိမ်ပြင်ပတွင် ကိုယ်လက်လှုပ်ရှားမှုများ မဆောင်ရွက်ရန်နှင့် ရေများများသောက်သုံးရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ထို့ပြင် ကိုယ်အပူချိန်မြင့်တက်မှုမရှိစေရေးအတွက် ရေများများချိုးရန်လည်း ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၂) ရေနံချက်စက်ရုံဝင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀)နှင့် မင်းဘူးမြို့ မန်းရေနံမြေအတွင်း၌ တရားမဝင်ရေနံစိမ်း ဂါလန် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀)တို့ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ သရက်မြို့နယ် ကိုးပင်ကျေးရွာ၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၁၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၃၆၀)အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၄၈၂၄၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ဆည် ရွှေသိမ်တော်ဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၆၈၂၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၈၀၀၀၀ ကို



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၅၀၀၀၀)ကိုလည်းကောင်း၊ နိုင်ဂရု(ပ်)ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၇၂၅၈၂၉၅ ကျပ်)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. War Nate Za ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၀၈၇၂၀၈၂၉၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၂ ရက်တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၅၉၁၅၆၇၅၃၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Myat Thu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးကျေးရွာနေ အောင်မြတ်သူ(ခ)ကိုအောင်အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Phoo Pwint Wai” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ တံတားဦးမြို့နယ် သစ်တော်ဖျား(မြောက်)ကျေးရွာနေ ဖူးပွင့်ဝေ(ခ)ဖူးဖူးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၅-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ချစ်စရာ့ မချမ်းဘော့
- ၀၉:၁၀ စိုက်ပျိုးမွေးမြူသုတဘာဏ်
- ၁၁:၁၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၁:၃၅ ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင့်ရာသီ' (အပိုင်း-၂၇)
- ၁၃:၁၀ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှူစွမ်းကောင်းများခေတ်' (အပိုင်း-၁၈)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၀ မျိုးဗုက်တင့်စေ ဆိုကရေးတီးအငွေ
- ၁၇:၁၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန် တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန် တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ (၃၀)ပြာမင်္ဂလာ 'သုဘာသိတစယာဝါတ' (အကြောင်းသုံးပါး ညီညွတ်အောင် ပြောဆိုတတ်ခြင်း)
- ၂၂:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှူစွမ်းကောင်းများခေတ်' (အပိုင်း-၂၀)

### mitv

- 07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:12 The High Reliability (GTI) Thanlyin for the Students Youths
- 07:35 Hsig Khaung Village In Hsihseng
- 07:46 Read me a Book
- 08:26 National Attractions Viet Nam
- 08:31 Let's venture to a natural wonder
- 09:46 Patchwork Bags
- 09:01 Travelogue: Trekking Around Kalaw Township
- 09:16 Exploring Migratory Birds at Moe Yun Gyi Sanctuary

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ချင်း)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၁၂)
- ၀၈:၀၀ စတီရီယိုတေးများ
- ၀၈:၁၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၀၈:၃၅ ဇာတ်တော်ကြီး 'မဟာဇနကဝင်စွားတော်မူခန်း' (ပထမပိုင်း)
- ၁၀:၂၀ ကာတွန်း 'ဖိုးကောင်ကြီးဥယျာဉ်စွန့်တားခန်း' (အပိုင်း-၂)
- ၁၀:၅၅ ဇာတ်တော်ကြီး 'မဟာဇနကဝင်စွားတော်မူခန်း' (ဒုတိယပိုင်း)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ဒူးပရာတောင်ရွှေတောင်တန်းဆီသို့

**ဝကေကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကြက်သားအာလူးအစပ်ချက်

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဒီဗိုင်နာ ဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ခွန်အားပြည့်ဖြိုး ချင်းရိုးရာ ရာသူ၏

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မင်းတပ်မြို့ရဲ့မိုးရာသီအလှပုံရိပ်များ (အပိုင်း-၂)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
အရပ်ရှစ်မျက်နှာ ဦးချသူများ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှား လျှာထိအာထိ ရခိုင်ဟင်းလျာများ (အပိုင်း-၂)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လယ်ပျော်တို့နားခိုရာဆီ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လက်ကိုင်ပုန်းနှင့်ကျန်းမာရေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်တာပူနိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဗိုရှီသဗ္ဗတနိုင်ငံ'
- ၁ :၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၉)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မား မြန်မာ့သနပ်ခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၂၀ Livestock on the Land
- ၁၉:၁၅ Cork Rooftop Farm
- ၂၀:၃၀ ကိုယ်ချစ်မဝ မယ်မင်းကြီးမ (ဇာတ်လမ်း)
- ၂၂:၀၀ Depature (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly MNL Reveiw
- ၁၂:၀၀ FIFA MF U-19 Youth League (Replay) Winner Soccer Vs YCDC MH Dream Team
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုအားပေး

ဘားအံ မေ ၁၃

ဒေသတွင်း သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာအုပ်စုအတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုအားပေးကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ထုံးအိုင်ကျေးရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနီးရှိ တောင်သူဒေါ်ဖြူဝင်း၏ တစ်နိုင်တစ်ပိုင် ဒေသဝက်မွေးမြူရေးခြံနှင့် ဒေသဆိတ်မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဘားအံခရိုင်အုပ်ချုပ်ရေးမှူးနှင့် မွေးမြူရေးတောင်သူများက လက်ရှိမွေးမြူထားမှုနှင့် ဈေးကွက်ရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်မွေးမြူထုတ်လုပ်ကြရန်မှာကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထုံးအိုင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ ထုံးအိုင်၊ နောင်ထလုံး၊ ဝင်းကျန်၊ ဖာလင်ကျောက်တန်းကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးက ထုံးအိုင်လျှပ်စစ်မြစ်ရေတင်၏ ရေပေးဝေခဲ့မှုအခြေအနေ၊ ရေဝင်လမ်းကြောင်း သဲသောင်ပိတ်ဆို့မှုကြောင့် စိုက်ပျိုးရေပေးဝေရာတွင် အခက်အခဲဖြစ်ပေါ်မှုအခြေအနေ၊ လာမည့်ရေပေးရာသီတွင် ပင်မရေလမ်းကြောင်း၌ ယာယီပွန်တွန်းနှင့် ပိုက်လိုင်းတပ်ဆင်၍ ရေပေးဝေနိုင်ရေး လျာထားစီမံထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လာမည့်နှစ်တွင် ယာယီပိုက်လိုင်းစနစ်ဖြင့် ရေစမ်းသပ်ပေးဝေနိုင်ရေးနှင့် ရေသောက်ဧရိယာအတွင်းရှိ တောင်သူများအနေဖြင့် နှစ်သီးစား အနည်းဆုံးစိုက်ပျိုးလုပ်ကိုင်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထုံးအိုင်ကျေးရွာရှိ တောင်သူဦးမြင့်ဦး၏ အသားတိုးဝက် ၃၃ ကောင်မွေးမြူရေးခြံ၊ ဝင်းကျန်ကျေးရွာရှိ တောင်သူဒေါ်မအေး၏ ဒေသဆိတ် ၅၁ ကောင် မွေးမြူရေးခြံ၊ ဖာလင်ကျောက်တန်းကျေးရွာရှိ တောင်သူဦးထူးနိုင်၏ ဒေသဆိတ် ၂၇ ကောင် မွေးမြူရေးခြံနှင့် တောင်သူဦးဘရာမား၏ ဒေသဆိတ် ၄၇ ကောင် မွေးမြူရေးခြံတို့အား ကြည့်ရှုအားပေးပြီး တောင်သူတင်ပြချက်အရ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကောင်ရေနှစ်ဆတိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ တိရစ္ဆာန်ဆေးဝါးနှင့်အာဟာရဆားခဲများ အခမဲ့ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်

မြစ်ကြီးနား မေ ၁၃

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ဒေသဝမ်းစာဖူလုံစေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်လည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ပူတာအိုမြို့သို့ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ မေ ၁၂ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်အတွင်းရှိ စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးနှင့် ဇနီး၊ ပူတာအိုအခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးရဲဟိန်းနှင့်ဇနီး၊ ပြည်နယ်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအတွက် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

ယင်းနောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်နေရာအသီးသီး၌ သစ်အယ်၊ ရေပိတုန်း၊ လောက်ယား စသည့် အရိပ်ရအပင်ကြီးမျိုး ၄၅၀ ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပေးကြသူများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်



များသည် အဆိုပါရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ တတိယနှစ် စက်ဝန်းမှ မတည်ရင်းနှီးပေးမှုဖြင့် မွေးမြူရေးတောင်သူ ဦးအောင်ထွန်း၏ခြံ၌ ဒေသကြက်များမွေးမြူထားရှိမှုနှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသဈေးကွက်အတွင်း ပြန်လည်ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများနှင့် ယခုချေးငွေကာလကုန်ဆုံးပါက ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခမဲ့ပေးအပ်သည့် မွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းများကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၃၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၃၅ ဦး၊ တောင်အာဖရိကနိုင်ငံသားတစ်ဦး၊ ဗီယက်နမ်နိုင်ငံသား ၂၁၁ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၈၉ ဦး စုစုပေါင်း ၃၃၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

## ဖြည့်စွက်မှာကြား

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့်



တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံရုံးမှ Counsellor Mr. Muhammad Asif နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ သံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖယ်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၅၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၁၃၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လျှော်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှော်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက လျှော်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေရပ်ကွက်နှင့် အိမ်များ၊ သာသနိကအဆောက်အအုံနေရာများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှား နေမှုများနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပါရမီရပ်ကွက်ရှိ နှစ် (၇၀၀) ပြည့် အားကစားခန်းမ၌ လျှော်ဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ ဒဏ်ရာရ မိသားစုဝင်များအတွက် ထောက်ပံ့ငွေကျပ် ၂၁၃၆၅၀၀၀၊ အာဆီယံ လူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှု ဗဟိုဌာန(AHA Center)က မီးဖိုချောင်းသုံးပစ္စည်းများနှင့် တရုတ်နိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့်ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းပြောကြားပြီး ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်း အရောင်းပြခန်း၌ ပြည်သူများ စည်းကာ သိုက်မြိုက်စွာ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက လျှော်ဒဏ်ကြောင့် မီးလောင် ပြိုကျပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆဲ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ၇၃လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ ယခင်မင်္ဂလာဈေးနေရာ၌ လျှော်ဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနေမှု အခြေအနေများကို လည်းကောင်း၊ လာရောက်ဝယ်ယူကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်မှု ရှိ/မရှိ အခြေအနေများကို လည်းကောင်း မေးမြန်းအားပေးစကား ပြောကြားပြီး အိမ်ဆောက်ပစ္စည်းများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ သာသနိကအဆောက်အအုံနေရာများ၌ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ်တွေ့ရှိရသော ဌာပနာပစ္စည်းအား စနစ်တကျ အပ်နှံထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလှူငွေများပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ရွှေကူကြီးမြတ်စွာဘုရား၌ လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် အမရပူရမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်း လေ့ကျင့် သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည်ကျောက်ဆည်မြို့ ရွှေမုဋ္ဌောဘုရားရင်ပြင်၌ ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် ဂန္ဓကုဋီတိုက်များ၊ လျှော်ဒဏ်ကြောင့် တိမ်းစောင်း သွားသော ကျောက်သေတ္တာစေတီ၌ မိုးရွာသွန်းမှုများကြောင့် စေတီအောက်ခြေရေဝင်ရောက်မှု မရှိစေရေးအတွက် ပလတ်စတစ်အမိုးများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရေတိုက်စားမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘုရားပရဝဏ်အတွင်း လုပ်အားပေး ဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး အသင်းအဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စုအတွင်းရှိ လျှော်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေး ပစ္စည်းများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများနှင့် Modular House များ ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွာခိုင်ရပ်ကွက်ရှိ တိုက်ကျောင်း ပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဦးဝရသာမိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းပြီး လျှော်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရေး ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘဲလင်းအကျဉ်းဦးစီးဌာန(၁)နှင့် ဘယ်လင်းအကျဉ်းဦးစီးဌာန(၂)တို့ရှိ လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ဖွင့်လှစ်သည့် သတင်းမီဒီယာသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယခင်အပတ် သောကြာနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အမှာစကားပြောကြားပြီး သင်တန်းမှူးက မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် သင်တန်းဆရာများက ကိုယ်ရေးအကျဉ်းနှင့် သင်ကြားမည့် ဘာသာရပ်အကြောင်းအရာနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်း တင်ပြကြသည်။

အဆိုပါသင်တန်းကို အပတ်စဉ်သောကြာနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပို့ချမည့် ဆရာများဖြစ်သည့် ဦးကိုကိုဦး (MDEA, Executive Director)၊ ဦးမောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ဦးရဲမင်းစိုး(မောင်မောက်- ဝတ်လုံ)နှင့် ဦးမြတ်စိုး(လှိုင်) တို့က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သွင်းအားစု ယူရီးယားမြေဩဇာ၊ လယ်ယာသုံး စက်မောင်းဆီများနှင့် လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနား တက်ရောက်



မုံရွာ မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် နွေစပါး၊ နွေနှမ်း၊ မိုးကြိုဝါနှင့် မိုးကြိုပဲတီစိမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစု ယူရီးယားမြေဩဇာ၊ လယ်ယာသုံးစက်မောင်းဆီများ နှင့် လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မုံရွာမြို့နယ် အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၅၀ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း နှစ်စဉ်စိုက်ပျိုးလျက်ရှိသည့် စပါး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံအပါအဝင် သီးနှံမျိုးစုံအား စိုက်ကေလျာထားချက်ပြည့်မီရေး နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုကျယ်ပြန့်စွာထုတ်လုပ်နိုင်ရေး၊ လယ်ယာကဏ္ဍ ကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးနှင့် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသည့် စားရေရိက္ခာများ ထုတ်လုပ်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ သီးထပ်စွမ်းအားမြင့်မားရေးအတွက် တစ်နှစ်လျှင် နှစ်သီးမှသုံးသီးအထိ စိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၅၀ အတွက် သွင်းအားစု ယူရီးယားဓာတ်မြေဩဇာအိတ် ၃၅၀၊ လယ်ယာသုံး စက်မောင်းဆီဂါလန် ၁၀၅၀ ဂါလန်နှင့် လက်ဆွဲမျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါရုံးဝင်းအတွင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာမှ ဒေသခံတောင်သူ ၃၅၀ အား လယ်ယာသုံးစက်မောင်းဆီများနှင့် စားသုံးဆီများအား သက်သာသောဈေးနှုန်းဖြင့် ခွဲဝေရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တွံတေးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက တွံတေးမွေးမြူရေးဇုန် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအုပ်စု ဆံတော်ကလေးကွင်းတွင် တွံတေးတူးမြောင်းမှ တွံတေးမွေးမြူရေးဇုန်သို့ ဆိုလာစနစ်သုံး ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က တွံတေးတူးမြောင်းမှ တွံတေးမွေးမြူရေးဇုန်သို့ ရေတင်နိုင်ရေး စနစ်တကျ ဆောင်ရွက်ရန်၊ ဆိုလာများ အရည်အသွေးပြည့်မီစွာ အသုံးပြုနိုင်ရေး၊ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေး နှင့် ပျောက်ဆုံးပျက်စီးမှုမရှိစေရေး တို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ကြီးကုန်း ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှု၊ ရေထုတ်ပွန်၊ ရေပိုလွှဲ၊ ရေပိုလွှဲ မြောင်းကူးတံတားများ ကြံ့ခိုင်မှုနှင့် ကန်အတွင်းရှိ ရေများကို ဆိုလာစနစ်ဖြင့် ရေစုပ်ပန့်များ အသုံးပြု၍ မွေးမြူရေးဇုန်အတွင်းရှိ ရေကန်နှင့် မြေအောက်ရေကန်သို့ ရေစုပ်တင်မှုအခြေအနေနှင့် မွေးမြူရေးခြံများသို့ ရေဖြန့်ဝေပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တွံတေးမွေးမြူရေးဇုန် အကွက်အမှတ်(၃၇)ရှိ ဦးလှရွှေ၏ခြံတွင် ဒေသန္တားအကောင်ရေ ၃၁ ကောင် မွေးမြူထားရှိမှု၊ အကွက်အမှတ်(၃)ရှိ ဦးတင်ဝင်း၏ခြံတွင် ဝက်အကောင်ရေ ၆၇ ကောင် မွေးမြူထားရှိမှု၊ အကွက်အမှတ်(၂၈)ရှိ ဦးမြတ်ကျော်၏ ခြံတွင် နို့စားနွားအကောင်ရေ ၃၅ ကောင် မွေးမြူထားရှိမှု၊ အကွက်အမှတ်(၂၅)ရှိ ဦးမြင့်သိန်း၏ခြံတွင် ဥစားကြက်အကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှု၊ အကွက်အမှတ်(၂၄)ရှိ ဒေါ်တင်တင်အေး၏ခြံတွင် ကြက်မဲအကောင်ရေ ၅၅၇ ကောင် မွေးမြူထားရှိမှု၊ အကွက်အမှတ်(၅)ရှိ ဦးမြင့်နိုင်၏ခြံတွင် ငုံးအကောင်ရေ ၃၀၀၀၀ ခန့်နှင့် ရစ်အကောင်ရေ ၅၀ ခန့် မွေးမြူထားရှိမှု၊ အကွက်အမှတ်(၄)ရှိ ဦးကျော်သူစိန် BOSS နို့စားနွားမွေးမြူရေးခြံတွင် နို့စားနွားအကောင်ရေ ၅၆ ကောင် မွေးမြူထားရှိမှုနှင့် အကွက်အမှတ်(၈၉)တွင် အစာစက်ရုံဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် တိုင်းဒေသကြီးအတွင်း စားရေရိက္ခာ ဖူလုံရေးအတွက် တိုးချဲ့မွေးမြူကြရန်နှင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၅ | ၂၉၃၅ | ၂၉၀၅ | ၂၈၄၀ | ၂၉၄၅ | ၂၉၆၀ | ၂၉၇၅ | ၂၈၉၅ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၀ | ၂၉၁၅ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၀ | ၃၂၂၅ |
| 95 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၆၀ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၀၅ | ၃၀၃၀ | ၃၂၈၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၅၂၅ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၆၅ | ၂၄၈၅ | - | ၂၇၈၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၀ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | ၄၈၃၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | - | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၇ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၂၆၂ | ၂၃၃၇ |
| HSD (50 ppm) | ၂၈၁၁ | ၂၈၉၇ |
| HSD (10 ppm) | ၂၈၁၁ | ၂၈၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**✻ ကျောဖုံးမှ**

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ လက်ရှိနည်းပြ အန်စလော့တီကလည်း မေ ၂၅ ရက်မှာ ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ကစားမယ့်ပွဲစဉ်အပြီးမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လမ်းခွဲမှာ ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ဆီမီးဖိုင်နယ်အဆင့်မှာ ထွက်ခဲ့ရတဲ့အပြင် စပိန်လာလီဂါဖလားပြိုင်ပွဲမှာလည်း ဆုဖလားရရှိဖို့ ကြိုးပမ်းနေရဆဲဖြစ်ပါတယ်။

အလွန်ဆိုဟာ ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဘဝမှာ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# အင်းလေးဒေသ ငလျင်ဒဏ်သင့်ခဲ့သည့်နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ညောင်ရွှေ မေ ၁၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက ကလောခရိုင်ညောင်ရွှေမြို့နယ် အင်းလေးဒေသ ငလျင်ဒဏ်သင့်ခဲ့သည့် နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းလေး ဟိုတယ်ဇုန်ရှိစက်လှေဆိပ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက်ဆောင်ရွက်မည့် အိမ်ဆောက်သစ်များ၊ ဘိလပ်မြေအိတ်များကို ကြည့်ရှုစစ်ဆေးပြီး သစ်များကို ပြည်နယ်အစိုးရအဖွဲ့၏ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ငလျင်ဒဏ်သင့် ကေလာကျေးရွာမှပြည်သူများ အိမ်ပြန်လည်ဆောက်ရန်အတွက် လိုအပ်သောသစ်များကို လာရောက်ဝယ်ယူလျက်ရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေးငလျင်ကြီးကြောင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် ငလျင်ဒဏ်သင့်ခဲ့သော ကေလာဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကေလာအထက်တန်းကျောင်း(ခွဲ) နှင်းဆီဆောင် ပြန်လည်ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြုပြင်ဆောင်ရွက်ပြီးသည့်အဆောင်တွင် စာသင်ခုံများပြောင်းရွှေ့ထားရှိရန် တာဝန်ရှိသူများအားမှာကြားပြီး အောင်အင်းလေး ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် ယာယီကျောင်းဆောင် (၆၀' x ၃၀') တစ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကူညီဆောင်ရွက်ပေးနေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ငလျင်ဒဏ်သင့်ခဲ့သော အင်းလေး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ရေပြင်ပတ်လည်တွင် Sheet Pile ရိုက်နေမှုနှင့် ပင်မကျောင်းဆောင်အောက်ထပ်၌ တိုင် ၄၁ တိုင် ကွန်ကရစ်လောင်းခြင်းဆောင်ရွက်နေမှုနှင့် ဘုရားစောင်းတန်းပြုပြင်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ခရမ်းမြို့နယ်၌ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းဖွင့်လှစ်



**ခရမ်း မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ နွေရာသီ အခြေခံကာတွန်းရေးဆွဲနည်း သင်တန်း(အခမဲ့)ကို ယနေ့နံနက် ၉ နာရီခွဲက ဖွင့်လှစ်သည်။

**ပြောကြား**

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ထက်ထက်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်များအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးဌေးဝင်းက ကာတွန်းရေးဆွဲနည်း ပညာရပ်များကို သင်ကြားခြင်းဖြင့် ကျောင်းသင်ခန်းစာများကို အထောက်အကူပြုစေသည့်အတွက် ကြိုးစားသင်ယူကြရန်နှင့် သင်တန်းတွင် သင်ကြားပေးမည့် အကြောင်းအရာများကို ပြောကြားသည်။

**ပို့ချသွားမည်**

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလကို မေ ၁၃ ရက်မှ ၂၂ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



# တောင်ငူခရိုင်၌ သတင်းရေးသားနည်း သင်တန်းဖွင့်လှစ်

**တောင်ငူ မေ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဝန်ထမ်းများ သတင်းမီဒီယာလုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သတင်းရေးသားနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲတွင် ဖွင့်လှစ်သည်။

**သင်ကြားလျက်ရှိ**

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဆရာမ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သတင်းလိုက်နည်း၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေများ၊ သတင်းရေးနည်း၊ သတင်းတည်းဖြတ်နည်းဘာသာရပ်၊ ဖြူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေမျိုးလွင်က သတင်းဗီဒီယို ရိုက်ကူးတည်းဖြတ်နည်းတို့ကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ အမှုထမ်းရှစ်ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တာမွေမြို့နယ်၌ ကဗျာရေးစပ်နည်းသင်တန်း ဖွင့်လှစ်



**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကဗျာရေးစပ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မို့မို့အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဂီတစာဆိုမျိုးနွယ်ဆွေ(စာရေးဆရာ မောင်နေသွင်)က မိတ်ဆက်စကား ပြောကြားသည်။

အဆိုပါ ကဗျာရေးစပ်နည်းသင်တန်းကို မေ ၁၂ ရက်မှ မေ ၁၈ ရက်အထိ တစ်ပတ်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# သာယာဝတီမြို့၌ Fitness Dance သင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ Fitness Dance အားကစားသင်တန်းဖွင့်လှစ်သည်။

အခမ်းအနားတွင် သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား ကျောင်းသူများအား အားကစားစိတ်ဓာတ်ဖြင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ကျန်းမာကြံ့ခိုင်မှုဖွံ့ဖြိုးစေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်အိသန္တာလှိုင်က သာယာဝတီမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ သင်တန်းသူများအား အေရိုးဗစ်ကကွက်များဖြင့် သင်ကြားပြသပေးခဲ့သည်။

အဆိုပါ Fitness Dance အားကစား သင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၃ ရက်မှ ၁၄ ရက်ထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သန့်ဇော်(သာယာဝတီ)**



# လူငယ်နှင့် စာမေးပွဲ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**ကျောင်းသားလူငယ်တို့၏ ဘဝတွင်လည်း စာမေးပွဲများနှင့် ကင်းကွာ၍မရချေ။ စာမေးပွဲများသည် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းစဉ်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ စင်စစ် စာမေးပွဲများသည် ကျောင်းသင်ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် နားလည်မှုကို စမ်းသပ်ရုံမျှသာမက ကျောင်းသားများ၏ အားသာချက်များနှင့် အားနည်းချက်များကိုလည်း ဖော်ထုတ်ရန် ကူညီပေးသည်။ စာမေးပွဲများမှ တစ်ဆင့် ကျောင်းသားများသည် သဘောတရားများကို ပိုမိုနက်ရှိုင်းစွာ နားလည်လာနိုင်**

လူသားတို့၏ ဘဝခရီးလမ်းတွင် ဘဝစာမေးပွဲများစွာကို ဖြတ်သန်းကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိခဲ့ရသည်။ ကျောင်းသားဘဝတွင် ကျောင်းစာမေးပွဲများကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရန်ဖြေဆိုခဲ့ရသည်။ လုပ်ငန်းခွင်ဝင်ရောက်ရာ၌လည်း အလုပ်စာမေးပွဲများ၊ ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲများ ဖြေဆိုခဲ့ရသည်။ ထိုမှတစ်ဆင့် ရာထူးတိုးမြှင့်ရေးစာမေးပွဲများကို ဖြေဆိုခဲ့ရသည်။

**အားသာချက်များနှင့် အားနည်းချက်များကိုလည်း ဖော်ထုတ်ရန်ကူညီပေး**

ကျောင်းသားလူငယ်တို့၏ ဘဝတွင်လည်း စာမေးပွဲများနှင့် ကင်းကွာ၍မရချေ။ စာမေးပွဲများသည် ကျောင်းသားများ၏ သင်ယူမှုလုပ်ငန်းစဉ်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ စင်စစ် စာမေးပွဲများသည် ကျောင်းသင်ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် နားလည်မှုကို စမ်းသပ်ရုံမျှသာမက ကျောင်းသားများ၏ အားသာချက်များနှင့် အားနည်းချက်များကိုလည်း ဖော်ထုတ်ရန် ကူညီပေးသည်။ စာမေးပွဲများမှတစ်ဆင့် ကျောင်းသားများသည် သဘောတရားများကို ပိုမိုနက်ရှိုင်းစွာ နားလည်လာနိုင်သည်။ ဘာသာရပ်များအကြောင်း ပိုမိုနားလည်သဘောပေါက်လာမည်ဖြစ်သည်။

စာမေးပွဲစစ်ဆေးမှု၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာဘာသာရပ် သို့မဟုတ် နယ်ပယ်တစ်ခုတွင် လူတစ်ဦး၏ ကျွမ်းကျင်မှုအပြင် ၎င်းတို့၏ အသိပညာနှင့် နားလည်မှုတို့ကို ဆန်းစစ်သုံးသပ်သော အကဲဖြတ်ခြင်း (Assessment) လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ကျောင်းသားတစ်ဦး၏ ပညာရည်ကို ဆန်းစစ်သုံးသပ်ရာတွင် စာမေးပွဲဖြင့် အကဲဖြတ်ရသည်။ ဤသို့ဖြင့် ကျောင်းသားတစ်ဦး၏ အောင်မြင်မှု၊ ကျရှုံးမှုနှင့် ထူးချွန်မှု (ဂုဏ်ထူးများရရှိခြင်း) တို့ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် တရားဝင်အကဲဖြတ် အမှတ်ပေးနိုင်မည်ဖြစ်သည်။

စင်စစ်စာမေးပွဲများသည် ကျောင်းသားလူငယ်များ၏ ပညာရေးဆိုင်ရာတိုးတက်မှုကို စောင့်ကြည့်ရန်၊ စွမ်းရည် သို့မဟုတ် အရည်အချင်းကို မှန်ကန်ကြောင်း အတည်ပြုရန် အသုံးပြုနိုင်သောကြောင့် လွန်စွာအရေးကြီးသည်။ ထို့ကြောင့်လည်း ပညာသင်နှစ် တစ်လျှောက်လုံးတွင် လပတ်စာမေးပွဲများ စစ်ဆေးခြင်းဖြင့် ကျောင်းသားလူငယ်တို့၏ ပညာရည် တိုးတက်မှုကို ဆန်းစစ်သုံးသပ်ပြီး ၎င်း၏ ပညာရည် တိုးတက်ရေးကို ဆရာ ဆရာမများက လမ်းညွှန်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ နောက်ဆုံးအတန်းတင် စာမေးပွဲကြီးသည် ကျောင်းသား၏ အရည်အချင်းကို မှန်ကန်ကြောင်း အတည်ပြုနိုင်ရန်ဖြစ်သည်။

**နည်းစနစ်အမျိုးမျိုးကို အသုံးပြု၍ အကဲဖြတ်ကြ**

ကျောင်းသားလူငယ်များ လုပ်ငန်းခွင်သို့ ရောက်ရှိလာလျှင်လည်း ပရောဂျက်များ၊ ရေးဖြေနှုတ်ဖြေစာမေးပွဲများ၊ လက်တွေ့သရုပ်ပြမှုများ အပါအဝင် နည်းစနစ်အမျိုးမျိုးကို အသုံးပြု၍ တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုကို စနစ်တကျအကဲဖြတ်ကြပါသည်။ ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲများတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ကို ရေးဖြေစာမေးပွဲများတွင် လူငယ်များဖြေဆိုရလေ့ရှိသည်။

ကျောင်းသားများ၏ အားသာချက်နှင့် အားနည်းချက်ကို ခွဲခြားသတ်မှတ်ရာတွင် စာမေးပွဲများဖြင့် အကဲဖြတ်ခြင်းက အထောက်အကူပြုသည်။ ထို့ပြင် စာမေးပွဲများသည် စစ်မှန်သော ယှဉ်ပြိုင်နိုင်စွမ်းကို ဖော်ထုတ်ပေးသည့်အပြင် ကြိုးစားလိုစိတ်ကိုလည်း လှုံ့ဆော်ပေးသည်။ ကျောင်းသားများ၏ ပညာရေးနှင့် ကိုယ်ရေးကိုယ်တာ ဖွံ့ဖြိုးတိုးတက်မှု၊ ဘဝရည်မှန်းချက်ပန်းတိုင်အတွက် ပံ့ပိုးပေးသည်။ ထို့ကြောင့် စာမေးပွဲသည် ကျောင်းသားတစ်ဦး၏ ပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပြီး ကျောင်းသားတို့၏ ကိုယ်ရေးကိုယ်တာဖွံ့ဖြိုးတိုးတက်မှုကို ကူညီမြှင့်တင်ပေးသည်။

စာမေးပွဲစစ်ဆေးခြင်း၏ ရည်ရွယ်ချက်ကို လေ့လာကြည့်ပါက စာမေးပွဲများသည် ဘာသာရပ်တစ်ခုစီနှင့်ပတ်သက်၍ ကျောင်းသားတစ်ဦးချင်းစီ၏ အသိပညာနှင့် နားလည်မှုတို့ကို တိုင်းတာသောကြောင့် အကဲဖြတ်ခြင်းဆိုင်ရာ မရှိမဖြစ်လိုအပ်သော ကိရိယာတစ်ခုဟု ဆိုနိုင်သည်။ စာမေးပွဲများသည် တစ်ဦးချင်းစီ၏ နားလည်နိုင်စွမ်းနှင့် အသိပညာ အသုံးချမှုကို အကဲဖြတ်ရန်အသုံးပြုခြင်းဖြစ်သည်။ ဥပမာ လပတ်စာမေးပွဲများတွင် ကျောင်းသားတို့၏ ရမှတ်ကို အကဲဖြတ်ခြင်းဖြင့်၊ ကျောင်းသားတို့၏ လိုအပ်ချက်များကို ဆရာများက တုံ့ပြန်ချက်ပေးခြင်းဖြင့် ကျောင်းသားတို့၏ နားလည်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။

ဘာသာရပ်များအလိုက် ဆရာများ၏ သင်ကြားရေးနည်းဗျူဟာများအပေါ် ကျောင်းသားများ၏ နားလည်နိုင်စွမ်းကို တိုင်းတာရန် စာမေးပွဲများသည် အသုံးပြုနိုင်သော အခြားကိရိယာတစ်ခုလည်းဖြစ်သည်။ စာမေးပွဲစနစ်သည် သာတူညီမျှနှိုင်းယှဉ်မှုနှင့် အကဲဖြတ်မှုကိုလည်း လွယ်ကူချောမွေ့စေသည်။ တစ်ဖန်စာမေးပွဲစစ်ဆေးမှုများသည် အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြဿနာဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့အတွက် လိုအပ်သော အရေးကြီးသောတွေးခေါ်နိုင်စွမ်းကို အကဲဖြတ်ခြင်း၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

စာမေးပွဲများသည် ကျောင်းသားလူငယ်များ၏ အလွတ်ကျက်မှတ်ခြင်းသာမက အချက်အလက် အသုံးချခြင်းနှင့် အဓိပ္ပာယ်ပြန်ဆိုခြင်းတို့ကိုပါ အကဲဖြတ်နိုင်ပြီး ကျောင်းသားတို့၏ တွေးခေါ်နိုင်စွမ်းကို အကဲဖြတ်သုံးသပ်နိုင်သည်။ စာမေးပွဲများတွင် ရှုပ်ထွေးသောအကြောင်းအရာ၊ ပုစ္ဆာများကို အကဲဖြတ်ရန် ကျောင်းသားတို့၏ ရှာဖွေဖော်ထုတ်နိုင်စွမ်း၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားနိုင်စွမ်း၊ ယုတ္တိဗေဒဆိုင်ရာ ငြင်းခုံမှုများပြုလုပ်ရန် လိုအပ်သောမေးခွန်းများကို အသုံးပြုခြင်းဖြင့် စာမေးပွဲများကို ဒီဇိုင်းထုတ်ထားသည်။

စာမေးပွဲများစစ်ဆေးခြင်းဖြင့် ကျောင်းသားများသည် ဘာသာရပ်များ လေ့လာကျက်မှတ်ခြင်းဖြင့် ပိုမိုသိရှိနားလည် သဘောပေါက်လာသည်။ စာမေးပွဲမေးခွန်းအချို့က ကျောင်းသားလူငယ်တို့၏ ထင်မြင်ယူဆချက်များနှင့် ဉာဏ်ရည်ဉာဏ်သွေးများကို မြှင့်တင်ရန် တွန်းအားပေးသည်။ ဤသို့ဖြင့် ကျောင်းသားလူငယ်တို့အား စာမေးပွဲများက ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်နိုင်စွမ်းများ တိုးတက်လာရန် လှုံ့ဆော်ပေးသည်။ လူရည်ချွန်စာမေးပွဲများသည် ပညာရည်ထူးချွန်သော၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များ ထွက်ပေါ်လာရန် ဖန်တီးပေးသည်။

**စံတစ်ခုအဖြစ် လုပ်ဆောင်နိုင်**

စင်စစ်စာမေးပွဲများသည် ကျောင်းသားလူငယ်များ၏ ပညာရေးအောင်မြင်မှုနှင့် တိုးတက်မှုကို တိုင်းတာရန်အတွက် စံတစ်ခုအဖြစ် လုပ်ဆောင်နိုင်သည်။ ပညာရေးနယ်ပယ်တွင် ဆရာများနှင့် ကျောင်းသားများအား တုံ့ပြန်ချက်များ ဖော်ဆောင်ပေးနိုင်သည်။ ထို့ပြင် စာမေးပွဲများသည် ကျောင်းသားတို့၏ စိတ်အားထက်သန်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်သည်။ လူငယ်တို့အား ရှင်းလင်းပြတ်သားသော ဘဝရည်မှန်းချက်များကို ပေးနိုင်သည်။ ရနိုင်သောပန်းတိုင်များ သတ်မှတ်နိုင်ရန် လှုံ့ဆော်ပေးသည်။ ကျောင်းသားများအား စိတ်ဓာတ်မြှင့်တင်ပေးရာတွင် ၎င်းတို့၏ သင်ယူလေ့လာမှုများကို အောင်မြင်မှုရလဒ်များဖြင့် အခွင့်အလမ်းများရရှိစေခြင်းဖြင့် လှုံ့ဆော်ပေးနိုင်သည်။

ကျောင်းသားများအနေဖြင့် ပညာရေးဆိုင်ရာ သင်ယူလေ့လာမှုများတွင် ရရှိလာသော အသိပညာနှင့် ကျွမ်းကျင်မှုများအတွက် တိကျသောပန်းတိုင်တစ်ခုရရှိမည်ဖြစ်သည်။ ကျောင်းသားများ၏ စိတ်အားထက်သန်မှု၊ ကြိုးစားအားထုတ်မှုနှင့် မြင့်မားသောဆန္ဒများကို စာမေးပွဲများက အကဲဖြတ်ပေးသည်။

ခြုံ၍ဆိုရသော် စာမေးပွဲဟူသည် ဘာသာရပ်တစ်ခုတွင် ကျောင်းသားတစ်ဦး၏ အသိပညာ သို့မဟုတ် စွမ်းရည်ကိုပြသရန် သို့မဟုတ် အရည်အချင်းတစ်ရပ်ကိုရယူရန် တရားဝင်စစ်ဆေးမှုပင်ဖြစ်သည်။ စာမေးပွဲသည် ပညာရေးဆိုင်ရာအကဲဖြတ်ခြင်းဖြစ်သည်။ ကျောင်းသားများ၏ ပညာသင်နှစ်အတွင်း သင်ယူမှုရလဒ်များ၏ အောင်မြင်မှုကို အကဲဖြတ်ရန် စစ်ဆေးခြင်းဖြစ်သည်။ အကဲဖြတ်ခြင်း(Assessment) ဟူသောစကားလုံးသည် ဒုတိယကမ္ဘာစစ်ပြီးနောက် ပညာရေးဆိုင်ရာ အကြောင်းအရာတစ်ခုတွင် စတင်အသုံးပြုခဲ့သည်။ အကဲဖြတ်ခြင်းသည် စဉ်ဆက်မပြတ် လုပ်ငန်းစဉ်တစ်ခုအဖြစ် ကျောင်းသားတို့၏ သင်ယူမှုရလဒ်များရရှိရန် ချမှတ်ပေးသည်။ သို့ဖြစ်ရာ စာမေးပွဲများစစ်ဆေးခြင်းဖြင့် အကဲဖြတ်ခြင်းသည် ကျောင်းသားများ၏ အောင်မြင်မှုအဆင့်ကို ဆုံးဖြတ်ပေးသော ပညာရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် တွေ့မြင်နေရခြင်းဖြစ်ပေသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါ ဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စု တစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်း ထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်း ပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကား ပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ် သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့ အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက် စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်း စကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင် ရန်နှင့် ပံ့ပိုးအားပေးရမည်။



### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(FMI City အိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ်(၉၁၃/A)၊ ဧရိယာ(၀. ၀၈၂)ဧကရှိ ဦးအောင်မြင့်(၁၄/ညတန(နိုင်)၀၀၄၅၃၄)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ၊ အထက်ပဒေသာပင်လမ်း၊ အမှတ် (J-19A)ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်အဆောက်အဦတစ်ခုအပါအဝင်ဆက်နွယ်တည်ရှိသည့်အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်သူထံမှတစ်ဆင့်အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးမောင်မောင်ဝင်း(၁၂/လသယ(နိုင်)၀၇၃၉၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန် ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာလာဆွေ

လွှဲအပ်ညွှန်ကြားချက်အရ - တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆/၁၉၉၇)

LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.,WIPO(Switzerland).

အမှတ်(၁၁)၊ဦးဘဟန်လမ်း၊သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉ ၅၁၂၇၈၂၈၊ ၀၉ ၅၁၅၄၆၉၂

### ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၅-၂၀၂၅ ရက် ကြေးမုံ သတင်းစာ၊ စာမျက်နှာ ကြော်ငြာ (၂၃)ပါ တရားလွှတ်တော် ရှေ့နေ ဦးဝင်းကျော် ကြော်ငြာ တွင် အကျယ်အဝန်း အလျား (၂၀)ပေ x အနံ(၆၀)ပေရှိအကွက် အမှတ်(၃၆)ဟု ပြင်ဆင်ဖတ်ရှု ပါရန်။

### တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဘ) ဦးအောင်ခင်၏ သမီး ဒေါ်စမ်း စမ်းအေးနှင့် ဒေါ်စန်းစန်းအေး [၁၂/ကမတ(နိုင်) ၀၉၇၉၀၇] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၂-၂၀၂၅ရက်နေ့ကြေးမုံသ တင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော် ငြာအမှတ်စဉ်(၉)ဦးသိန်းဝင်း၏ အမည်ပြောင်းတွင်လျှောက်ထား သည့်မြို့နယ်တာမွေအစားတောင် ဥက္ကလာပမြို့နယ်ဟုအမှန်ဖတ်ရှု ပါရန်။








### ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(အီး/၁၂/၁၅၈)၊ အမှတ်(၂၉) ဦးကျော်ဝင်း အမည်ပေါက်ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀) ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေး[၉/မခန (နိုင်)၁၂၈၄၉၅]မှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးမိုးလွင်[၁၂/မရက(နိုင်)၁၂၁၉၅၄]မှ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက် အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက် သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမိုးလွင်၏ ညွှန်ကြားချက်အရ-

ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (H.G.P,LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)

ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

ဖုန်း-၀၉-၅၄၀၇၂၂၉

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲ ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 1(T)/DPTSC(MP)/ 2025–2026 | Four Wheel Tractor–75 HP (1 No) နှင့် Four Wheel Tractor–95 HP (2 Nos) ဝယ်ယူရန်။ |
| ခ | 2(T)/DPTSC(PTP)/ 2025–2026 | ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများဝယ်ယူရန်။ |
| ဂ | 3(T)/DPTSC(PSD)/ 2025–2026 | Capacitor Unit (15 Nos) ဝယ်ယူရန်။ |
| ဃ | 4(T)/DPTSC(PSD)/ 2025–2026 | Transformer Oil နှင့် Silicagel များဝယ်ယူရန်။ |
| င | 5(T)/DPTSC(PSD)/ 2025–2026 | သာစည်ပင်မဓာတ်အားခွဲရုံတွင် ချို့ယွင်းသွားသော 132/33/11kV, 30MVA Three Phase Transformer (၁)လုံး ပြုပြင်ရန်။ |
| စ | 6(T)/DPTSC(PSD)/ 2025–2026 | မင်းလှပင်မဓာတ်အားခွဲရုံရှိ 230/66/11kV, 33.33MVA Single Phase Transformer (၁)လုံး ချို့ယွင်းသွားသော အစိတ်အပိုင်းများပြုပြင်ရန်။ |
| ဆ | 7(T)/DPTSC(PSD)/ 2025–2026 | ရွာဝဏ်ပင်မဓာတ်အားခွဲရုံရှိ 230/66–33/11kV, 33.33MVA Single Phase Transformer (၃)လုံး၏ ချို့ယွင်းသွားသော အစိတ်အပိုင်းများပြုပြင်ရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၇-၅-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါ သည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန

ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်

ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂



## ပြည်မြို့၌ ပဲခူးတိုင်းဒေသကြီး(အနောက်) နွေရာသီလူငယ်ကင်းထောက်သင်တန်းဆင်းပွဲ ကျင်းပ

ပြည် မေ ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကကြီးမှူး၍ ပြည်မြို့တွင် မေ ၆ရက်မှ ၁၂ရက်အထိ ဖွင့်လှစ်ခဲ့ သည့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်) နွေရာသီ လူငယ်ကင်းထောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ် (၁)အခြေခံပညာအထက် တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသ ကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်း/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပဲခူးတိုင်းဒေသကြီး(အနောက်) အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကင်းထောက် လူငယ် မောင်မယ်များ တက်ရောက်ကြပြီး ၂၀၂၅ခုနှစ် ကင်းထောက် လူငယ်မောင်မယ် များက "ပြည်သူ့အတွက် အစဉ် အသင့်" ကင်းထောက်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင် က အမှာစကားပြောကြားသည်။

**လက်တွေ့သရုပ်ပြ**

ထို့နောက် တက်ရောက်လာ ကြသူများအား ကင်းထောက် လူငယ် မောင်မယ်များ၏ ကင်းထောက်လှုပ်ရှားမှု ဗီဒီယို ကလစ်ကို ဖွင့်လှစ်ပြသခဲ့ပြီး ၂၀၂၅ ခုနှစ် ကင်းထောက်လူငယ်မောင် မယ်များက သင်တန်း၌ လေ့ကျင့် သင်ကြားခဲ့သော ရှေးဦးသူနာ ပြုနှင့် လူမှုကယ်ဆယ်ရေး စွမ်းရည်များကို လက်တွေ့သရုပ် ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသ ကြီး လူမှုရေးရာဝန်ကြီးက ကင်းထောက် လူငယ်မောင်မယ် များအတွက် သင်တန်းဆင်း လက်မှတ်များနှင့် ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်ပြီး တိုင်းဒေသကြီး (ရုံးခွဲ) ပညာရေးမှူး ဒေါက်တာ ချစ်ကိုကိုက ပဲခူးတိုင်း (အနောက် ခြမ်း) ပညာရေးဌာနများမှ သဘာဝဘေးအတွက် လှူဒါန်း ငွေကျပ် သိန်း ၅၀ ကို တိုင်းဒေသ ကြီးဝန်ကြီးထံ ပေးအပ်လှူဒါန်း ခဲ့ကာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းနည်းပြ ဆရာ ဆရာမများ အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရ သည်။

ကိုဆက်(ပြန်/ဆက်)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ နွေရာသီအင်္ဂလိပ်စာသင်တန်းဖွင့်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းက ပဒံကျေးရွာအုပ်စု အမှတ်( ၁၂)အခြေခံ ပညာအထက်တန်းကျောင်း မလိခအဆောင်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျော်သက်ထားဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက သင်တန်းဖွင့်လှစ်သင်ကြားပေး သည့်အတွက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၁၂ ရက်မှ ၂၁ ရက်အထိ သင်ကြားပြသ မည်ဖြစ်ရာ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၀ တက်ရောက် လျက်ရှိကြောင်း သိရသည်။

ကျော်သန်း(ပြန်/ဆက်)



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ် များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များ ဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိ ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်း သည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေး ယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက် ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် (၅၁၉)၊ မြေညီထပ်(ထပ်ခိုးပါ) (A)ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၂⅔x၅၀)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှိုင်ထွန်း [၁၂/ကမရ(နိုင်) ၀၀၃၅၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းနွယ် [၁၁/စတန(နိုင်) ၀၇၀၀၂၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှလှနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၈၇)**
**အမှတ်– ၉/၁၁ ၊ အခန်း (၁၀၃/E)၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၅၁၁၃၉၃၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယခု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ် (၇၀၅)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဒေါ်တင်တင်ဌေး** [၁၂/လမတ(နိုင်) ၀၀၅၆၁၆] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးစိုးဝင်း** [၁၂/ဒဂတ(နိုင်) ၀၂၀၀၅၇]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဦးကြည်သာချမ်းမြေ့** [၇/ပခန(နိုင်)၂၆၃၅၃၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာချမ်းမြေ့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ပြတ်စဲကြောင်း အများသိစေရန် ကြေညာချက်"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဦးဇင်မင်းထွဋ် (ဘ) ဦးလှဌေး [၁၂/ကမရ(နိုင်)၀၅၇၅၃၃]နှင့် ဒေါ်ခင်ချိုချိုထွန်း (ဘ) ဦးထွန်းမြင့် [၃/ဘအန(နိုင်)၀၀၅၁၈၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်းတို့နှစ်ဦးသည် (၃–၂–၂၀၁၂)နေ့ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်း ခဲ့ပြီး သားသမီး မထွန်းကားခဲ့ပါ။ (၁၃–၅–၂၀၂၅)နေ့ရက်တွင် ၎င်းတို့ နှစ်ဦးစလုံး၏ သဘောဆန္ဒဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဦးဇင်မင်းထွဋ် နှင့် ဒေါ်ခင်ချိုချိုထွန်းတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးပါအဝင် အခြားသောကိစ္စရပ်များ၌ နှစ်ဦးစလုံးက ဝင်ရောက်စွက်ဖက် နှောင့်ယှက်ဟန့်တားခြင်း ပြုလုပ်မည်မဟုတ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မင်းထွဋ်နှင့် ဒေါ်ခင်ချိုချိုထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်နှင်းနွယ်ဖြိုး (LLB)Q** | **ဒေါ်မေသူသူကျော်(LLB)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်– ၁၀၈၃၈/၃၁–၅–၂၀၁၆)** | **(စဉ်–၁၂၅၄၉/၂၀၁၇)** |
| **အမှတ်(၅၀)၊ ဘဏ်လမ်း၊** | **အနောက်လမ်း၊ မြို့မ(၂)ရပ်ကွက်၊** |
| **ကျောက်တံတားမြို့နယ်၊** | **ဖျာပုံ/ဇေယျာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး။** |
| **ရန်ကုန်မြို့။ ၀၉–၈၈၃၇၇၈၂၄၁၊** | **၀၉–၇၇၂၀၀၀၉၈၀** |
| **၀၉–၉၅၀၄၆၇၈၅၆ (viber)** | |

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံး၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၆

ကမ္ဘောဇဘဏ်လီမိတက် နှင့် ဦးဥက္ကာထွန်း
(တောင်ဥက္ကလာပဘဏ်ခွဲ)
(၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ
ဦးခိုင်ထွန်း–Assistant Manager)
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၉၇၂)နေ တရားပြိုင် ဦးဥက္ကာထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"UPI Credit Card သုံးစွဲမှုအတွက် ဘဏ်သို့ပေးဆပ် ရမည့်ငွေကျပ် ၅၅,၈၀၃,၄၉၁.၃၃/– (ငွေကျပ်သိန်းငါးရာငါးဆယ့် ရှစ်သိန်းသုံးထောင်လေးရာ ကိုးဆယ့်တစ်ကျပ် သုံးဆယ့်သုံးပြားတိတိ)ရလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ (၂၆)ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လကွယ် ၁၅)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ (၁၂ )ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်နွယ်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန/တံတားဦးစီးဌာန/ ကြီးကြပ်ရေးအဖွဲ့တို့မှ ဆောင်ရွက်မည့် လမ်းလုပ်ငန်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊လမ်းဦးစီးဌာန / တံတားဦးစီးဌာန / ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများ အတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ခေါ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက် – (၁၃–၅–၂၀၂၅)ရက် ၊ (အင်္ဂါ)နေ့
- တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့် နေ့ရက် – (၂၃–၅–၂၀၂၅)ရက်၊ (သောကြာ)နေ့
- တင်ဒါ (P.O) နောက်ဆုံး တင်သွင်းရမည့် နေ့ရက် – (၂၃–၅–၂၀၂၅)ရက်၊ (သောကြာ)နေ့
- နမူနာပစ္စည်းနှင့် Result မူရင်း တင်သွင်း ရမည့် နေ့ရက် – (၂၃–၅–၂၀၂၅)ရက်၊ (သောကြာ)နေ့
- တင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် – (၂၇–၅–၂၀၂၅)ရက်၊ (အင်္ဂါနေ့) (၉:၃၀ နာရီ)
- တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ – ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ကတ္တရာ/ ဘိလပ်မြေ/ သံချောင်း / ဒီဇယ်လျှောက်လွှာများကိုသာ ရောင်းချမည်ဖြစ်ပြီး ကျန်ပစ္စည်းများအား သက်ဆိုင်ရာ ခရိုင်/ အထူးအဖွဲ့ / ကြီးကြပ်ရေးရုံးများတွင် လျှောက်လွှာများ ရောင်းချမည်ဖြစ်ပါသည်။
- ပစ္စည်း တင်ဒါဖွင့်လှစ်မည့် နေရာ – တိုင်းဒေသကြီးညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၁၃–၅–၂၀၂၅)ရက်မှ (၂၃–၅–၂၀၂၅)ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနများတွင် လာရောက် စုံစမ်းနိုင်ပါသည်–

- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးမြို့ – ၀၅၂–၂၂၂၄၅၇၂/၀၉–၄၂၈၂၀၇၃၁၁
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊လမ်းအထူးအဖွဲ့(၁၅)၊ ပြည်မြို့ – ၀၉–၄၂၀၇၀၂၇၄၉
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊တံတားအထူးအဖွဲ့(၉)၊ပဲခူးမြို့ – ၀၉–၉၇၁၇၉၉၆၁၇
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၀)၊ လှည်းကူးမြို့ – ၀၉–၄၅၀၀၀၅၅၆၆
- ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ပဲခူးမြို့ – ၀၉–၄၃၁၈၇၁၈၇/၀၉–၉၆၇၈၄၅၅၆၆
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင် – ၀၉–၄၂၈၀၁၉၃၁၅
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ညောင်လေးပင်ခရိုင် – ၀၉–၄၀၁၅၅၆၅၂၄
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊တောင်ငူခရိုင် – ၀၉–၂၅၂၈၂၇၉၂၇
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊သာယာဝတီခရိုင် – ၀၉–၄၃၀၀၆၄၂၂
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊နတ်တလင်းခရိုင် – ၀၉–၄၂၈၁၄၇၀၀၄
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ပြည်ခရိုင် – ၀၉–၄၀၂၆၆၆၁၉၅

**တင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ပိတောက်လမ်း၊ အမှတ်–ဆ ၆၃(က)၌ ရုံးခန်းဖွင့်လှစ်ထားသည့်Golden, Wax Co.,ltd သည် ဖြိုးမောက် အမှတ်တံဆိပ် ခေါက်မြေဩဇာများအား မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး Online တွင်လည်း Golden Wax Co.,ltd အမည်ဖြင့် Page တရားဝင်ဖွင့်လှစ်ပြီး ဖြိုးမောက် အမှတ်တံဆိပ်ခေါက်မြေဩဇာများအား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ Golden Wax Co.,ltd၏ဖြိုးမောက်အမှတ်တံဆိပ်ခေါက်မြေဩဇာ Online Page အား မသမာသူများက "ဖြိုးမောက်ခေါက်မြေဩဇာကုမ္ပဏီ" အမည်ဖြင့် Online Page အတုများအား ဖန်တီး၍ Golden Wax Co.,ltd ၏ရုံးခန်းလိပ်စာအား ဖော်ပြကာ မှန်ကန်မှုမရှိသော ဖုန်းနံပါတ်များ ထည့်သွင်း ဖော်ပြပြီး Golden Wax Co.,ltd နှင့် ဖြိုးမောက် အမှတ်တံဆိပ်ခေါက်မြေဩဇာ ဝယ်ယူသုံးစွဲသူများအား ထိခိုက်နစ်နာဆုံးရှုံးစေရန် လိမ်လည်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

